The Mon Forum
HUMAN RIGHTS NEWSLETTER
အတွဲ(၉) ၊ အမှတ်(၁) ၊ ဇန်နဝါရီလ ၃၁ ၊ ၂၀၂၄
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

# စစ်တပ်က လက်နက်ကြီးဖြင့် ပစ်ခတ်နေသဖြင့် သထုံဒေသခံ (၄၀၀) နီးပါး ထွက်ပြေးနေရ



▶▶▶▶ စာမျက်နှာ (၄) သို့

INSIDE

ချောင်းနှစ်ခတိုက်ပွဲစတင်ပြီး ရက်ပေါင်း (၅၀) အကြာ ကျိုက်မရောအခြေအနေ — စာမျက်နှာ (၈) သို့
သက်ငယ်မုဒိမ်းမှုကို ငွေကြေးဖြင့် ဖြေရှင်းသည့်နည်းလမ်းကို မိသားစုဝင်များကိုယ်တိုင် လက်ခံလာ — စာမျက်နှာ (၁၄) သို့
သံဖြူဇရပ်တွင် စစ်ကောင်စီက ဖမ်းဆီးမှုများ ဆက်လက်လုပ်ဆောင်နေ — စာမျက်နှာ (၁၇) သို့
ကျောင်းရွာတိုက်ပွဲကြောင့် ဒေသခံပြည်သူ (၂၀၀) နီးပါး ထွက်ပြေးတိမ်းရှောင်နေရ — စာမျက်နှာ (၂၄) သို့
မွန်ပြည်နယ် ၊ ကရင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ (12) လအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာမှတ်တမ်း — စာမျက်နှာ (၂၈) သို့

HUMAN RIGHTS FOUNDATION OF MONLAND (HURFOM)
www.rehmonnya.org

## ကော့ကရိတ်တွင် တိုက်ပွဲဆက်လက်ပြင်းထန်နေပြီး ဒေသခံ (၄၀,၀၀၀) ကျော် စစ်ဘေးရှောင်နေရ



**ဇန်နဝါရီ ၁၀၊ ၂၀၂၄**

ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ ၂၀၂၃ နိုဝင်ဘာလ (၃၀) ရက်နေ့မှ စတင်ဖြစ်ပွားခဲ့သည့်တိုက်ပွဲသည် ယနေ့အချိန်အထိ ဆက်လက်ပြင်းထန်နေဆဲဖြစ်ပြီး အနီးအနားကျေးရွာ (၃၀) ကျော်မှ ဒေသခံပြည်သူ (၄၀,၀၀၀) ကျော် စစ်ဘေးရှောင်နေရကြောင်း သိရသည်။

▶▶▶▶ စာမျက်နှာ (၅) သို့

# တစ်ပြည်နယ်လုံး တိုက်ပွဲကျယ်ပြန့်လာပြီး ထိခိုက်ဆုံးရှုံးမှုများလာသည့် မွန်ပြည်နယ်

## ( ၂၀၂၄ ဇန်နဝါရီလအတွက် အယ်ဒီတာ့အာဘော် )

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မွန်လူထုအသံစာစဉ် အတွဲ (၉) အမှတ် (၁) ကို ထုတ်ဝေလိုက်ပါသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတောင်ပိုင်း မွန်၊ ကရင်နှင့် တနင်္သာရီ ဒေသများတွင်ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ကောက်ခံ စုဆောင်းပြီး အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ရက်စာမျက်နှာများမှတဆင့် ပြည်သူလူထုကို တင်ပြလျက်ရှိသည်။ ၎င်းပြင် မွန်လူထုအသံစာစဉ်ကိုလည်း တစ်လတစ်ကြိမ် ထုတ်ဝေလျက်ရှိသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် တစ်လလျှင် လူ့အခွင့်အရေးချိုးဖောက်မှု သတင်းပေါင်း (၄၀) မှ (၅၀) ကျော်ကြားအထိ ပြည်သူလူထုကို ပုံမှန်တင်ပြလျက်ရှိပြီး ၂၀၂၄ ဇန်နဝါရီလတွင် မြို့နယ် (၁၂) မြို့နယ်မှ လူ့အခွင့်အရေးချိုးဖောက်မှုသတင်း အပုဒ် (၄၀) ကျော်ကို ပြည်သူများထံသို့ အသိပေးတင်ပြခဲ့သည်။

၂၀၂၄ နှစ်ဆန်းပိုင်းတွင် မွန်ပြည်နယ် မြောက်ပိုင်းတွင်သာမက တောင်ပိုင်းတွင်ပါ တိုက်ပွဲများဖြစ်ပွားလာပြီး အရပ်သားထိခိုက်သေဆုံးမှုနှင့် အိုးအိမ်စည်းစိမ်ပျက်စီးဆုံးရှုံးမှု ပိုမိုမြင့်တက်လာသည်။ ယခုလတွင် နေအိမ်မီးရှို့ဖျက်ဆီးခံရမှု (၁၄) မှုအထိ ရှိခဲ့ပြီး စစ်ဘေးရှောင်ပြည်သူများ၏နေအိမ်များမှာလည်း ဖောက်ထွင်းခိုးယူခြင်းခံခဲ့ရသည်။

တိုက်ပွဲများဆက်လက်ဖြစ်ပွားနေခြင်း၊ စစ်ရေးတင်းမာနေခြင်းနှင့် လက်နက်ကိုင်တပ်များက ကျေးရွာအတွင်း ဝင်ရောက်တပ်စွဲနေထိုင်နေခြင်းတို့ကြောင့် စစ်ဘေးရှောင်ပြည်သူများ နေရပ်မပြန်နိုင်သေးချေ။

တိုက်ပွဲများ ကျယ်ပြန့်လာသည်နှင့်အမျှ စစ်ဘေးဒဏ်ကို ကလေးသူငယ်များကပါ ကြုံတွေ့ခံစားလာရသည်။ ယခုလတွင် လက်နက်ကြီးနှင့် မြေမြှုပ်မိုင်းများကြောင့် ကလေးသူငယ်များ ထိခိုက်သေဆုံးခြင်း၊ စစ်ဘေးရှောင်နေရသဖြင့် ပညာသင်ခွင့်ဆုံးရှုံးခြင်းနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရခြင်းတို့ ပိုမိုဖြစ်ပွားလာသည်ကို တွေ့ရသည်။

၎င်းပြင် မြေမြှုပ်မိုင်းပေါက်ကွဲမှုသည်လည်း ယခုလအတွင်း (၄) ကြိမ်တိုင်တိုင် ဖြစ်ပွားခဲ့ပြီး အရပ်သားထိခိုက်သေဆုံးမှု ရှိခဲ့သည်။

တရားဥပဒေစိုးမိုးမှုပျက်သုဉ်းနေသည့် မြန်မာနိုင်ငံတွင် ကလေးသူငယ်များအပါအဝင် စစ်ဘေးရှောင်များနှင့် ဒေသခံပြည်သူများမှာ အကာအကွယ်မဲ့နေပြီး ဒေသခံလူထုအခြေပြုအဖွဲ့အစည်းများကလည်း စစ်ကောင်စီ၏တားမြစ်ခြိမ်းခြောက်ပိတ်ပင်မှုများကြောင့် ၎င်းတို့ကို ကူညီပေးနိုင်ခြင်း မရှိချေ။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် သတင်းအချက်အလက်ကောက်ခံစုဆောင်းခြင်းနှင့် သတင်းထုတ်ပြန်ခြင်းမှတဆင့် စစ်တပ်က ၎င်းတို့ကျူးလွန်ထားသည့်လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေသည့်အလေ့အထကို ချိုးဖျက်ရပ်တန့်ရန်လည်းကောင်း၊ မြန်မာနိုင်ငံတွင်စစ်မှန်သောငြိမ်းချမ်းရေးရရှိရန်နှင့် စစ်မှန်သောဖက်ဒရယ်ဒီမိုကရေစီစနစ်ပေါ်ထွန်းရန်လည်းကောင်း ရည်ရွယ်ပါသည်။

**အယ်ဒီတာအဖွဲ့**
**မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း**
**၂၀၂၄ ဇန်နဝါရီ**

စာမျက်နှာ (၁) အဆက်

# စစ်တပ်က လက်နက်ကြီးဖြင့် ပစ်ခတ်နေသဖြင့် သထုံဒေသခံ (၄၀၀) နီးပါး ထွက်ပြေးနေရ



**ဇန်နဝါရီ ၁၅၊ ၂၀၂၄**

၂၀၂၄ ဇန်နဝါရီလ (၁၀) ရက်နေ့တွင် မွန်ပြည်နယ် သထုံမြို့နယ်ရှိ ကရင်အမျိုးသားအစည်းအရုံး ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် တပ်မဟာ (၁) ထိန်းချုပ်ရာနယ်မြေကို စစ်တပ်က လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်နေသဖြင့် ဒေသခံပြည်သူ အယောက် (၄၀၀) နီးပါး ဘေးလွတ်ရာသို့ထွက်ပြေးတိမ်းရှောင်နေရကြောင်း သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံးက ထုတ်ပြန်သည်။

သထုံအခြေစိုက် အမှတ် (၄၀၂) အမြောက်တပ်ရင်းက မနက် (၆) နာရီမှ ည (၉) နာရီအတွင်း ဆူးအင်းနှင့် ကော့လှိုင်းရွာလေးကုန်း ကျေးရွာများကို လက်နက်ကြီးဖြင့် (၁၀) ကြိမ်ထက်မနည်း ပစ်ခတ်ခဲ့သည်။ လက်နက်ကြီးပေါက်ကွဲမှုကြောင့် ဆူးအင်း၊ ကော့လှိုင်းရွာလေးကုန်းနှင့် ကျုံမိန်ကျေးရွာများမှ အိမ်ထောင်စု (၈၂) စု စုစုပေါင်း လူဦးရေ (၃၈၂) ဦး အိုးအိမ်စွန့်ခွာထွက်ပြေးနေရသည်။

"အခုက ရွာမှာ ဘာမှမကျန်တော့ဘူး။ ရွက်ပျက်လိုပဲ တိတ်ဆိတ်ခြောက်ကပ်သွားပြီ။ ရွာလုံးကျွတ်ပဲ ပြောရမယ်။ လက်နက်ကြီးပစ်တာက တစ်နေ့ထက်တစ်နေ့ ပိုပိုဆိုးလာတယ်" ဟု ကျုံမိန်ဒေသခံတစ်ဦးက ပြောသည်။

လက်နက်ကြီးကြောင့် ဆူးအင်းကျေးရွာမှ နေအိမ် (၂) လုံး၊ ကော့လှိုင်းရွာလေးကုန်းကျေးရွာမှ နေအိမ် (၂) လုံး ထိခိုက်ပျက်စီးခဲ့သည်။

စစ်ကောင်စီတပ်သည် ကရင်အမျိုးသားအစည်းအရုံး ထိန်းချုပ်နယ်မြေရှိ ကျေးရွာများကို လက်နက်ကြီးဖြင့် ရည်ရွယ်ချက်ရှိရှိပစ်ခတ်နေပြီး ၎င်းတို့၏တိုက်ခိုက်မှုကြောင့် ကျုံမိန်ဒေသခံ (၁,၃၀၀) သည်လည်း ပြီးခဲ့သည့် ၂၀၂၃ ဒီဇင်ဘာလကတည်းက ထွက်ပြေးတိမ်းရှောင်နေရပြီး ယခုတိုင် နေရပ်မပြန်နိုင်သေးချေ။

# ကော့ကရိတ်တွင် တိုက်ပွဲဆက်လက်ပြင်းထန်နေပြီး ဒေသခံ (၄၀,၀၀၀) ကျော် စစ်ဘေးရှောင်နေရ



**ဇန်နဝါရီ ၁၀၊ ၂၀၂၄**

ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ ၂၀၂၃ နိုဝင်ဘာလ (၃၀) ရက်နေ့မှ စတင်ဖြစ်ပွားခဲ့သည့်တိုက်ပွဲသည် ယနေ့အချိန်အထိ ဆက်လက်ပြင်းထန်နေဆဲဖြစ်ပြီး အနီးအနားကျေးရွာ (၃၀) ကျော်မှ ဒေသခံပြည်သူ (၄၀,၀၀၀) ကျော် စစ်ဘေးရှောင်နေရကြောင်း သိရသည်။

စစ်ကောင်စီတပ်က ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီးကို ပြန်လည်ထိန်းချုပ်နိုင်ရန် ထိုးစစ်ဆင်နေခြင်းဖြစ်ပြီး ပြီးခဲ့သည့် ဇန်နဝါရီလ (၈) ရက်နေ့တွင်လည်း ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် ပူးပေါင်းတပ်တို့နှင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။

“ဒေသခံတွေအတွက် စစ်ဘေးရှောင်နေရာ တိတိကျကျ မရှိတာရယ် ရက်ကြာလာတာရယ်ကြောင့် အစားအသောက်နဲ့ နေဖို့ထိုင်ဖို့က အခက်အခဲဖြစ်လာတယ်။ နောက်တစ်ခုက ဆေးဝါးတွေ အများကြီးလိုနေတယ်” ဟု ကော့ကရိတ်မြို့ခံတစ်ဦးက ပြောသည်။

စစ်ရှောင်ပြည်သူများသည် မော်လမြိုင်၊ ကျုံဒိုး၊ အိန္ဒူ၊ နဘူး၊ ကမ်းမရိုက်၊ ကမ်းနီ၊ သာမညနှင့် ဘားအံစသည့် မြို့နယ်ကျေးရွာများသို့ ထွက်ပြေးတိမ်းရှောင်နေရသည်။

ကော့ကရိတ်တိုက်ပွဲအတွင်း အရပ်သား (၂၀) ကျော် ထိခိုက်သေဆုံးခဲ့ပြီး စစ်ကောင်စီ၏ ညမထွက်ရအမိန့်ကြောင့် ဆေးကုသခွင့်မရဘဲ သေဆုံးမှုများ ရှိနေသည်။ ၎င်းပြင် စစ်ကောင်စီက ကော့ကရိတ်မြို့ အနီးတဝိုက်ကို အင်တာနက်နှင့် ဖုန်းဆက်သွယ်ရေးလိုင်းများ ဖြတ်တောက်ထားသည်။

“

**“ဒေသခံတွေအတွက် စစ်ဘေးရှောင်နေရာ တိတိကျကျ မရှိတာရယ် ရက်ကြာလာတာရယ်ကြောင့် အစားအသောက်နဲ့ နေဖို့ထိုင်ဖို့က အခက်အခဲဖြစ်လာတယ်။ နောက်တစ်ခုက ဆေးဝါးတွေ အများကြီးလိုနေတယ်”**

# ဘီးလင်းတွင် လက်နက်ကြီးကြောင့် အမျိုးသမီး (၄) ဦး သေဆုံး



**ဇန်နဝါရီ ၂၂၊ ၂၀၂၄**

၂၀၂၄ ဇန်နဝါရီလ (၁၉) ရက်နေ့တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဒေါက်ရပ်ကျေးရွာအုပ်စု တက်တူးကုန်းကျေးရွာကို စစ်ကောင်စီက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သဖြင့် အမျိုးသမီး (၄) ဦး ထိခိုက်သေဆုံးခဲ့ကြောင့် လူမှုကယ်ရေးအဖွဲ့များက ပြောသည်။

ဘီးလင်းမြို့နယ် ဇီးဝန်းကျေးရွာအခြေစိုက် အမှတ် (၃၁၄) အမြောက်တပ်က လက်နက်ကြီးပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး ဒေသခံပြည်သူ (၄) ဦး သေဆုံးခဲ့ရသည့်အပြင် နေအိမ် (၂) လုံးလည်း ထိခိုက်ပျက်စီးခဲ့သည်။

အခင်းဖြစ်ရာတွင်ပင် သေဆုံးခဲ့သူ (၃) ဦး ရှိပြီး ၎င်းတို့မှာ အသက် (၂၂) အရွယ် မစန္ဒာ၊ အသက် (၄၆) နှစ်အရွယ် နော်ကော်လာမူနှင့် အသက် (၄၉) နှစ်အရွယ် ဒေါ်နော်မူတို့ ဖြစ်သည်။

"ရွာလယ်ပိုင်းနဲ့ အရှေ့စုပိုင်းကို လက်နက်ကြီး (၂) လုံးကျတာ။ အမျိုးသမီး (၃) ယောက် ဆုံးသွားတယ်။ (၇) ယောက် ဒဏ်ရာရတယ်။ တစ်ရွာလုံး စိတ်မကောင်းဖြစ်နေကြတယ်" ဟု တက်တူးကုန်းကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

ထိခိုက်ဒဏ်ရာရရှိသူများမှာ အသက် (၂) အရွယ် မောင်ရဲရင့်အောင်၊ အသက် (၂၆) နှစ်အရွယ် မဝါဝါသင်း၊ အသက် (၄၀) အရွယ် ဒေါ်ခင်ဝင်းလှိုင်၊ အသက် (၄၆) နှစ်အရွယ် ဒေါ်တောသား၊ အသက် (၆၈) နှစ်အရွယ် ဒေါ်ခင်သန်းနှင့် အသက် (၄၃) နှစ်အရွယ် စောမျိုးဇော်တို့ ဖြစ်ကြသည်။

ထိခိုက်ဒဏ်ရာရသူများကို ဘီးလင်းဆေးရုံသို့ ပို့ဆောင်ထားပြီး ၎င်းတို့အနက် (၃) ဦးမှာ ဒဏ်ရာပြင်းထန်သဖြင့် သထုံခရိုင်ပြည်သူ့ဆေးရုံသို့ ထပ်မံပြောင်းရွှေ့ခဲ့ရသည်။ ဒဏ်ရာပြင်းထန်သူများအနက် ဒေါ်တောသားသည် ဇန်နဝါရီလ (၂၀) ရက်နေ့တွင် သေဆုံးခဲ့သည်။

တက်တူးကုန်းကျေးရွာတွင် ကရင်လူမျိုးအများစု နေထိုင်ကြသည်။ တိုက်ပွဲနှင့် စစ်ရေးလှုပ်ရှားမှု မရှိသော်လည်း စစ်ကောင်စီက လက်နက်ကြီးဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

၂၀၂၄ဇန်နဝါရီလ(၁၈)ရက်နေ့တွင်လည်းစစ်ကောင်စီ၏လက်နက်ကြီးကြောင့် ကော့လှိုင်းကျေးရွာမှ လင်မယား (၂) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ခင်ပွန်းဖြစ်သူမှာ ခြေထောက် (၁) ဖက် ဖြတ်တောက်လိုက်ရကြောင်း သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံး၏ ထုတ်ပြန်ချက်အရ သိရှိရသည်။

# စစ်ဆင်ရေး (၁၁) ရက်တာအတွင်း လောင်းလုံးမြို့နယ်တွင် နေအိမ်အလုံး (၃၀) ကျော် မီးရှို့ခံရ



ဇန်နဝါရီ ၉၊ ၂၀၂၄

စစ်ကောင်စီတပ်က တနင်္သာရီတိုင်း လောင်းလုံးမြို့နယ်ရှိ ကျေးရွာများကို ၂၀၂၃ ဒီဇင်ဘာလ (၂၆) ရက်နေ့မှ ၂၀၂၄ ဇန်နဝါရီလ (၅) ရက်နေ့အထိ (၁၁) ရက်တာ စစ်ကြောင်းထိုးခဲ့ပြီး စစ်ဆင်ရေးကာလအတွင်း ဒေသခံပြည်သူတို့၏နေအိမ်အလုံး (၃၀) ကျော်ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

လေးသွန်းကျေးရွာမှ နေအိမ် (၁၃) လုံး၊ စစ်ပြဲကျေးရွာမှ နေအိမ် (၉) လုံး၊ ဟင်းချိုတောကျေးရွာမှ နေအိမ် (၃) လုံး၊ သန်လျင်ရွာမှ နေအိမ် (၃) လုံး၊ သကျက်တောရွာမှ နေအိမ် (၃) လုံးနှင့် သပြေရှောင်ကျေးရွာမှ နေအိမ် (၁) လုံး စုစုပေါင်း နေအိမ် (၃၂) လုံးကို စစ်တပ်က မီးရှို့ဖျက်ဆီးခဲ့သည်။

“ဒီဇင်ဘာဒုတိယအပတ်ကတည်းက ကညံ့ကျွန်း၊ စစ်ပြဲ၊ ဂေါ့အင်းကနေပြီးတော့ အောက်ဖက်ရွာတွေကို ဆက်တိုက်စစ်ကြောင်းထိုးဝင်လာတာ။ အခုအိမ်မှာမနေရဲဘူး၊ ရှောင်နေရတယ်။ ဇန်နဝါရီ (၆) ရက်နေ့မှာ ကျောက်ပုံနဲ့ ရဘဲရွာတွေဘက်ကို ထွက်သွားကြတယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါစစ်ကြောင်းက ၂၀၂၄ ဇန်နဝါရီလ (၃) ရက်နေ့တွင် ခရုကောက်ရန် လယ်သို့သွားသည့် မင်းရပ်ရွာသားလူငယ်တစ်ဦးကို သေနတ်ဖြင့်ပစ်သတ်ခဲ့သည်။

“စစ်ကြောင်းထိုးပြီးဆို ရွာသားတွေကို သူတို့တပ်စွဲစခန်းချတဲ့နေရာအထိ ဖမ်းသွားတယ်။ ပြောရရင် လူသားဒိုင်းအနေနဲ့ သုံးတာပေါ့” ဟု ဒေသခံတစ်ဦးက ပြောသည်။

၎င်းစစ်ကြောင်းသည် ဇန်နဝါရီလ (၈) ရက်နေ့တွင် ဖိုးဖိုးကျောက်ကမ်းခြေရှိ ရေလုပ်သားများ၏တဲများကိုလည်း မီးရှို့ဖျက်ဆီးခဲ့သည်ဟု သိရသည်။

၂၀၂၃ ခုနှစ်အတွင်း တနင်္သာရီတိုင်းတွင် နေအိမ်အလုံး (၈၀၀) နီးပါး မီးရှို့ဖျက်ဆီးခံခဲ့ရပြီး အများစုမှာ လောင်းလုံးနှင့် ပုလောမြို့နယ်များမှဖြစ်ကြောင်း FE5 တနင်္သာရီ၏ လစဉ်ထုတ်ပြန်ချက်အရ သိရသည်။

> “စစ်ကြောင်းထိုးပြီးဆို ရွာသားတွေကို သူတို့တပ်စွဲစခန်းချတဲ့နေရာအထိ ဖမ်းသွားတယ်။ ပြောရရင် လူသားဒိုင်းအနေနဲ့ သုံးတာပေါ့”

# ချောင်းနှစ်ခွတိုက်ပွဲစတင်ပြီး ရက်ပေါင်း (၅၀) အကြာ ကျိုက်မရောအခြေအနေ



**ဇန်နဝါရီ ၁၅၊ ၂၀၂၄**

၂၀၂၃ နိုဝင်ဘာလ (၁၀) ရက်နေ့တွင် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ချောင်းနှစ်ခွဒေသ၌ စတင်ဖြစ်ပွားခဲ့သည့် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်ဦးဆောင်သည့် တော်လှန်ရေးအင်အားစုများအကြားက တိုက်ပွဲသည် ၂၀၂၄ ဇန်နဝါရီ (၁၅) ရက်နေ့တွင် ရက်ပေါင်း (၅၀) ကျော် ကြာမြင့်လာခဲ့ပြီဖြစ်သည်။

တိုက်ပွဲအတွင်း အိုးအိမ်စွန့်ခွာထွက်ပြေးရခြင်း၊ ပြည်သူတို့၏အသက်အိုးအိမ် ဆုံးရှုံးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံရခြင်းနှင့် ခြိမ်းခြောက်ငွေတောင်းခံရခြင်း၊ ကလေးသူငယ်များ၏ ပညာရေးအခွင့်အလမ်း ဆုံးရှုံးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု မရရှိခြင်းနှင့် စားနပ်ရိက္ခာအခက်အခဲများ ဖြစ်ပေါ်ခြင်းတို့ကို ဒေသခံပြည်သူများက ကြုံတွေ့ခံစားခဲ့ရသည်။

**အိုးအိမ်စွန့်ခွာထွက်ပြေးရခြင်းနှင့် အသက်အိုးအိမ် ဆုံးရှုံးခြင်း**

(၂) နီးပါးကြာမြင့်လာသည့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကျိုက်မရောမြို့နယ် ချောင်းနှစ်ခွ၊ တောင်ကလေး၊ မယ်တရို၊ လှကဇိုင်း၊ မရမ်းကုန်း၊ ပေါလောကုန်း၊ မီးသွေးကုန်း၊ ကဒါ၊ ကြံတော၊ ကျောက်ကွဲ၊ ကော့ဒွန်း၊ ကော့ပနော့စသည့် ကျေးရွာပေါင်း (၂၀) ကျော်မှ ဒေသခံပြည်သူ (၃၀,၀၀၀) နီးပါး စစ်ဘေးရှောင် ထွက်ပြေးနေရသည်။

ပြည်သူများ စစ်ဘေးရှောင်နေချိန်တွင် ၎င်းတို့နေအိမ်များသည် ဖောက်ထွင်းခံနေရပြီး အဖိုးတန်ပစ္စည်းများ ခိုးယူခံနေရသည်။ ချောင်းနှစ်ခွကျေးရွာမှ နေအိမ် (၅၈၄) လုံး၊ တောင်ကလေးကျေးရွာမှ နေအိမ် (၂၁၅) လုံး၊ မယ်တရိုကျေးရွာမှ နေအိမ် (၂၀၅) လုံး၊ လှကဖိုင်းကျေးရွာမှ နေအိမ် (၁၀) လုံး စုစုပေါင်းနေအိမ်အလုံး (၁,၀၀၀) ကျော် ဖောက်ထွင်းခံခဲ့ရသည်။

"တိုက်ပွဲက ချောင်းနှစ်ခွမှာဖြစ်တာဆိုတော့ ချောင်းနှစ်ခွကအိမ်တွေ အားလုံးနီးပါး အဖောက်ခံလိုက်ရတာ။ တခြားရွာတွေမှာ တစ်ချို့က အိမ်စောင့်ရှိတော့ ချောင်းနှစ်ခွလောက် မဆိုးဘူးပေါ့။ ဖောက်ထွင်းခံရတဲ့အိမ်တွေကတော့ ပစ္စည်းတွေအကုန်ပါသွားတာပဲ" ဟု ချောင်းနှစ်ခွဒေသခံတစ်ဦးက ပြောသည်။

ဆိုင်ကယ်၊ အိမ်သုံးပရိဘောဂများ၊ စက်ပစ္စည်းများ၊ အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများ၊ အိုးခွက်ပန်းကန်၊ စားသုံးကုန်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများစသည့် အသုံးဝင်သည့်ပစ္စည်းများအားလုံး ဖောက်ထွင်းခိုးယူခံခဲ့ရသည်။

ဖောက်ထွင်းခိုးယူသူများသည် စစ်ကောင်စီတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့များဖြစ်ကြောင်း ဒေသခံများက ပြောသည်။

၎င်းပြင် စစ်ကောင်စီ၏ လက်နက်ကြီးပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုတို့ကြောင့် ချောင်းနှစ်ခွနှင့် အနီးအနားကျေးရွာများမှ အိမ်ခြေ (၁၀၀) ကျော် မီးလောင်ပျက်စီးခဲ့သည်။ အသက် (၈) နှစ်အရွယ် မိန်းကလေးငယ် (၂) ဦး သေဆုံးပြီး အရပ်သားပြည်သူ (၁၂) ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

### ညှဉ်းပန်းနှိပ်စက်ခံရခြင်းနှင့် ခြိမ်းခြောက်ငွေတောင်းခံရခြင်း

၂၀၂၃ ဒီဇင်ဘာလ (၂၃) ရက်နေ့တွင် မယ်တရိုကျေးရွာမှ စစ်ရှောင်အမျိုးသားတစ်ဦးသည် ၎င်းနေအိမ်သို့ ခေတ္တပြန်လာစဉ် စစ်ကောင်စီစစ်ကြောင်းက ဖမ်းဆီးရိုက်နှက်ပြီး "သေဆုံးပြီ"အထင်ဖြင့် ရာဘာခြံတစ်ခုတွင် စွန့်ပစ်ထားခဲ့သည်။

"ရွာမှာဘယ်သူမရှိကြတော့ဘူး။ စစ်တပ်က ရွာထဲမှာ တပ်စွဲထားတယ်။ တိုက်ပွဲမရှိချိန် အိမ်ခဏပြန်ကြည့်မယ်ဆိုပြီး ရွာကို ပြန်သွားတာ။ အဲအချိန်မှာ စစ်သားတွေနဲ့တွေ့လို့ ရိုက်နှက်ထုထောင်းခံရတယ်။ သေပြီထင်လို့ လမ်းဘေးမှာ ပစ်ထားတာ။ နောက်နေ့မှ ရွာသားတွေက တွေ့ပြီး ဦးလေးကို ဆေးကုဖို့ ခေါ်သွားတယ်" ဟု ရိုက်နှက်ခံရသူနှင့် နီးစပ်သူတစ်ဦးက ပြောသည်။

၂၀၂၄ ဇန်နဝါရီလ (၂) ရက်နေ့တွင် တောင်ကလေးကျေးရွာမှ လူငယ် (၂) ဦးသည် စစ်ယာဉ်တန်းကို ဆိုင်ကယ်ဖြင့် ကျော်တက်မိသဖြင့် ဖမ်းဆီးခံခဲ့ရပြီး ငွေကျပ် သိန်း (၃၀) ဖြင့် ပြန်လည်ရွေးထုတ်ခဲ့ရသည်။

"သူတို့က ဖမ်းပြီး သိန်း (၃၀) နဲ့ ပြန်ရွေးခိုင်းတယ်။ မရွေးရင် အကြမ်းဖက်ဥပဒေနဲ့ အရေးယူမယ်လို့ စစ်တပ်က ခြိမ်းခြောက်တယ်" ဟု ကျိုက်မရောဒေသခံတစ်ဦးက ပြောသည်။

လက်ရှိအချိန်တွင် ကျေးရွာများအတွင်း ဝင်ထွက်သွားလာခြင်းများ ပြုလုပ်လိုပါက စစ်တပ်ထံ ခွင့်ပြုချက်တောင်းခံရမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိမှသာ ဝင်ထွက်ခွင့်ရှိသည်။



**ကလေးသူငယ်များ၏ ပညာရေးအခွင့်အလမ်း ဆုံးရှုံးခြင်း**

ကျိုက်မရောမြို့နယ် ချောင်းနှစ်ခွဒေသတွင် တိုက်ပွဲများကြောင့် စာသင်ကျောင်းများကို ယာယီပိတ်ထားရသည်။ ယနေ့အချိန်အထိ ပြန်လည်ဖွင့်လှစ်နိုင်သေးခြင်းမရှိဘဲ ကလေးသူငယ်များမှာ ပညာသင်ခွင့်ဆုံးရှုံးနေသည်။

စစ်ဘေးရှောင်နေရသည့် ကလေးသူငယ်များအနေဖြင့်မူ ယခုပညာသင်နှစ်တွင် ကျောင်းဆက်တက်ရန် မဖြစ်နိုင်တော့ဘဲ ပညာရေးကို ရပ်နားထားရသည်။

"ကျောင်းတွေက ပိတ်ထားတုန်းပဲ။ စစ်ဘေးရှောင်တွေတောင် အိမ်မပြန်နိုင်သေးတာ ဒီတစ်နှစ်တော့ ကလေးတွေကို ကျောင်းနားရမှာပေါ့" ဟု စစ်ဘေးရှောင်များနှင့် နီးစပ်သူတစ်ဦးက ပြောသည်။

**စားနပ်ရိက္ခာအခက်အခဲများ ဖြစ်ပေါ်ခြင်း**

စစ်ကောင်စီက သွားလာခွင့်အပြင် စားနပ်ရိက္ခာနှင့် ကုန်ပစ္စည်းများ သယ်ဆောင်ခွင့်ကိုပါ ကန့်သတ်ထားခြင်းကြောင့် စစ်ရှောင်ပြည်သူများအကြား စားနပ်ရိက္ခာအခက်အခဲဖြစ်လာသည်။

ကုန်ပစ္စည်းများသယ်ဆောင်လာသည့် မော်တော်ယာဉ်များကို စစ်ကောင်စီတပ်က တင်းတင်းကြပ်ကြပ် စစ်ဆေးနေပြီး ဆန်အိတ် (၃) အိတ်မှ (၅) အိတ်အထိသာ သယ်ဆောင်ခွင့်ပြုထားသည်။ သတ်မှတ်ချက်ထက် ကျော်လွန်သယ်ဆောင်ပါက ကုန်ပစ္စည်းကို သိမ်းယူသည့်အပြင် ဆဲဆိုရိုက်နှက်မှုများကိုလည်း ပြုလုပ်လေ့ရှိသည်။



“သူတို့ဂိတ်မှာ ဝင်လာတဲ့ကားတွေကို စစ်တယ်။ ဆန်၊ ဆီ၊ ကြက်သွန်၊ ကြက်ဥတွေ အကုန်နီးလုံး သူတို့သတ်မှတ်ထားတဲ့အတိုင်းပဲ သယ်ခွင့်ရှိတယ်။ ပိုသယ်ရင် သိမ်းလိုက်တယ်။ ပြီးရင် ဆဲတယ်၊ တစ်ခါတလေ လူကိုရိုက်တာမျိုး ရှိတယ်။ သူတို့က နည်းနည်းပဲ သယ်ခိုင်းတော့ အဆင်မပြေဘူး။ ကျွန်တော်တို့ပြည်သူတွေ ဒုက္ခအမျိုးမျိုး ခံနေရတယ်” ဟု ချောင်းနှစ်ခွဒေသမှ ယာဉ်မောင်းတစ်ဦးက ပြောသည်။

**ကျန်းမာရေးစောင့်ရှောက်မှု မရရှိခြင်း**

စစ်ကောင်စီတပ်က လူနာတင်ယာဉ်များကိုပင် သွားလာခွင့်မပြုသဖြင့် ဒေသခံပြည်သူများနှင့် စစ်ရှောင်ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ခက်ခဲလာသည်။

“မကြာခင်ကပဲ ရောဂါအခံရှိတဲ့အမျိုးသမီးတစ်ယောက် ဆေးကုဖို့အခက်အခဲရှိတော့ အသက်ဆုံးတဲ့အထိ ဖြစ်သွားတယ်” ဟု စစ်ဘေးရှောင်အရေး ကူညီပေးနေသူတစ်ဦးက ပြောသည်။

စစ်ဘေးရှောင်ရသည့်ကာလ ကြာမြင့်လာသည့်အတွက် စားနပ်ရိက္ခာ၊ ဆေးဝါးနှင့် အသုံးအဆောင်ပစ္စည်းများ အခက်အခဲရှိလာသည်။

“စစ်ဘေးရှောင်တွေကို ကူညီပေးမယ့်အလှူရှင်တွေ ရှိပေမဲ့ စစ်တပ်က အခုလို ကန့်သတ်တာ၊ ပိတ်ပင်တာမျိုးတွေ လုပ်နေရင်တော့ အကုန်လုံးဒုက္ခဖြစ်ကုန်မယ်” ဟု ပရဟိတအဖွဲ့ဝင်တစ်ဦးက ပြောသည်။

# စစ်ကောင်စီ၏ လွတ်ငြိမ်းချမ်းသာခွင့်တွင် နိုင်ငံရေး အကျဉ်းသားအနည်းငယ်သာ ပါဝင်



**ဇန်နဝါရီ ၅၊ ၂၀၂၄**

၂၀၂၄ ဇန်နဝါရီလ (၄) ရက်နေ့တွင်ကျရောက်သည့် (၇၆) ကြိမ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် စစ်ကောင်စီက နိုင်ငံတဝန်းလုံးရှိအကျဉ်းသား (၉,၆၅၂) ဦးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။ မွန်ပြည်နယ်တွင် အကျဉ်းသား (၆၇၀) ဦးကို လွတ်ငြိမ်းခွင့်ပြုခဲ့ပြီး ၎င်းတို့အနက် နိုင်ငံရေးအကျဉ်းသား (၃၁) ဦးသာ ပါဝင်သည်။

"ပုဒ်မ ၅၀၅(က)နဲ့ (ထောင်ဒဏ်)တစ်နှစ်အောက်(ပဲကျန်တဲ့)လူတွေ၊ လွတ်ရက်ပြည့်ခါနီး နိုင်ကျဉ်းတွေပဲ သူတို့က ရွေးလွှတ်ပေးတာ။ တစ်ချို့ထောင်တွေဆို နိုင်ကျဉ်းတစ်ယောက်မှ လွှတ်မပေးဘူး။ အများစုက ခိုးမှု၊ လုယက်မှုတွေပဲ လွှတ်ပေးတယ်" ဟု သတင်းအရင်းအမြစ်တစ်ခုက ပြောသည်။

နိုင်ငံရေးအကျဉ်းသားများကို ကျိုက်မရောဗဟိုအကျဉ်းထောင်မှ (၂၃) ဦးနှင့် သထုံအကျဉ်းထောင်မှ (၈) ဦး စုစုပေါင်း (၃၁) ဦးသာ ပြန်လွှတ်ပေးခဲ့ပြီး အများစုမှာ ပုဒ်မ ၅၀၅(က)ဖြင့် ထောင်ဒဏ်ကျခံနေရသူများဖြစ်ပြီး ပြစ်ဒဏ် (၁) နှစ်အောက်သာ ကျန်ရှိသူများဖြစ်သည်။

ပြန်လည်လွတ်မြောက်လာသည့် အကျဉ်းသားအများစုသည် လောင်းကစားမှုဖြင့် ပြစ်ဒဏ်ကျခံနေရသူများဖြစ်ကြောင်း မွန်ပြည်နယ်အကျဉ်းဦးစီးနာမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"မွန်မှာ အကျဉ်းသား (၆၇၀) ပြန်လွှတ်တယ်။ နိုင်ကျဉ်း (၃၁) ပဲ ပါတယ်။ နိုင်ကျဉ်းအားလုံးကို ပြန်လွှတ်ပေးဖို့ စစ်ကောင်စီမှာ စိတ်ကူးမရှိဘူး။ (သူတို့ကို) ဓားစာခံလို အသုံးချသွားမယ့်အခြေအနေပဲ။ နိုင်ငံရေးအရ ဖိအားရှိလာရင် အလွှတ်ပြမယ်။ အဲ့ထက်မပိုဘူး" ဟု နိုင်ငံရေးအကျဉ်းသားများအရေး ကူညီဆောင်ရွက်နေသူတစ်ဦးက ပြောသည်။

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(AAPP)၏ ထုတ်ပြန်ချက်အရ ၂၀၂၄ ဇန်နဝါရီလ (၄) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ဖမ်းဆီးထိန်းသိမ်းထားသူ (၁၉,၉၂၉) ဦး ရှိပြီး မွန်ပြည်နယ် လွတ်ငြိမ်းချမ်းသာခွင့်တွင်မူ နိုင်ငံရေးအကျဉ်းသားပါဝင်မှု (၄.၆) ရာခိုင်နှုန်းသာ ရှိသည်။

"ပုဒ်မ ၅၀၅(က)နဲ့ (ထောင်ဒဏ်)တစ်နှစ်အောက်(ပဲကျန်တဲ့)လူတွေ၊ လွတ်ရက်ပြည့်ခါနီး နိုင်ကျဉ်းတွေပဲ သူတို့က ရွေးလွှတ်ပေးတာ။
တစ်ချို့ထောင်တွေဆို နိုင်ကျဉ်းတစ်ယောက်မှ လွှတ်မပေးဘူး။ အများစုက ခိုးမှု၊ လုယက်မှုတွေပဲ လွှတ်ပေးတယ်"



မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်။

# မုဒုံမြို့နယ်တွင် စစ်ကောင်စီက အရပ်သားများကို ဖမ်းဆီးပြီး ငွေတောင်းနေ



**ဇန်နဝါရီ ၁၅၊ ၂၀၂၄**

မွန်ပြည်နယ် မုဒုံမြို့နယ် ဆက်သွယ်ကျေးရွာအုပ်စု အဘစ်-ခလယ် တံခွန်တိုင်ကားလမ်းရှိ စစ်ကောင်စီစစ်ဆေးရေးဂိတ်က အရပ်သားပြည်သူများကို ဖမ်းဆီးပြီး ငွေကြေးတောင်းခံလျက်ရှိကြောင်း ဒေသခံပြည်သူများက မွန်လူထုအသံကို ပြောသည်။

အဘစ်-ခလယ်တံခွန်တိုင်လမ်းကို အသုံးပြုသွားလာနေကြသည့် လမ်းသွားလမ်းလာပြည်သူများနှင့် ရာဘာခြံလုပ်သားများကို အဓိကထား ဖမ်းဆီးနေပြီး ငွေညှစ်နေခြင်းဖြစ်သည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်း အသက် (၃၈) နှစ်အရွယ် အဘစ်ရွာသား (၂) ဦးမှာ ရာဘာအစေးခြစ်နေစဉ် ဖမ်းဆီးခံခဲ့ရကြောင်း မုဒုံမြို့နယ် ဒေသခံတစ်ဦးက ပြောသည်။

"ရာခြစ်တဲ့ရွာသား (၂) ယောက်ကို စစ်တပ်က ဖမ်းသွားတာ။ ကျေးရွာအုပ်ချုပ်ရေးမှူးက စစ်တပ်ဆီကို အကျိုးအကြောင်းသွားမေးတော့ သူတို့နှစ်ယောက်က ကျွန်တော်တို့ဘက်ကို နယ်ကျော်လာလို့ ဖမ်းတာ၊ (၃) လ (၄) လလောက် ချုပ်ထားရမယ်လို့ စစ်တပ်က ပြန်ပြောတယ်။ အမှန်က နယ်ကျော်တာမဟုတ်ဘူး။ စစ်တပ်က ခြံထဲအထိ ဝင်ဖမ်းတာ။ သူတို့ အစေးလိုက်တဲ့ပစ္စည်းတွေ ဆိုင်ကယ်တွေ ခြံထဲမှာ ကျန်နေခဲ့တာ။ လူပဲ ပျောက်သွားတာ" ဟု အဆိုပါဒေသခံက ပြောသည်။

ငင်းပြင် လှိုင်ကနီရွာသား အသက် (၃၆) နှစ်အရွယ် အမျိုးသား (၁) ဦးက မုဒုံသို့သွားမည်ဟုဆိုကာ နေအိမ်မှထွက်ခွာသွားပြီးနောက်ပိုင်း ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးနေသည်။

"ပျောက်ပြီး (၃) ရက်အကြာမှာ ဖုန်းဝင်လာတယ်။ သူ့ကို ကျွန်တော်တို့ ဖမ်းထားတယ်၊ ငွေ (၁၀) သိန်းပေးရင် ပြန်လွှတ်ပေးမယ်ဆိုပြီး ပြောလာတော့ မိသားစုဝင်တွေက Wave Money နဲ့ ငွေလွှဲပေးလိုက်တယ်။ ပိုက်ဆံလည်း ဆုံး၊ လူလည်း ပြန်ရောက်မလာဘူး။ အခုထိ ရှာနေတုန်းပဲ" ဟု မုဒုံမြို့နယ် ကျေးရွာတစ်ရွာမှ လူငယ်တစ်ဦးက ပြောသည်။

လက်ရှိတွင် အဘစ်-တံခွန်တိုင်ကားလမ်းကို အသုံးပြုနေသည့် ပြည်သူများအတွက် လုံခြုံရေးအာမခံချက်မရှိတော့ကြောင်း ဒေသခံများက ပြောသည်။

"အခုနောက်ပိုင်း အဘစ်-တံခွန်တိုင်လမ်းကို သွားရမှာ အရမ်းကြောက်တယ်။ အစေးခြစ်သမားတွေလည်း မသွားရဲကြဘူး။ (၅) နာရီကျော်ရင် လုံခြုံမှုမရှိတော့လို့ ဘယ်သူမှ မသွားရဲကြဘူး" ဟု ဒေသခံတစ်ဦးက ပြောသည်။

# သက်ငယ်မုဒိမ်းမှုကို ငွေကြေးဖြင့် ဖြေရှင်းသည့်နည်းလမ်းကို မိသားစုဝင်များကိုယ်တိုင် လက်ခံလာ



**ဇန်နဝါရီ ၂၃၊ ၂၀၂၄**

မအောင်မြင်သည့်အာဏာသိမ်းမှုနောက်ပိုင်း (၃) နှစ်နီးပါးကာလအတွင်း သက်ငယ်မုဒိမ်းမှုဖြစ်ပွားလာပါက တရားရုံးတွင်ဖြေရှင်းရမည့်အစား သက်ဆိုင်ရာရပ်ကျေးအုပ်ချုပ်ရေးမှူးများနှင့် ရဲစခန်းများမှတဆင့် ကျူးလွန်သူများက နစ်နာသူများကို ငွေကြေးပေးအပ်ကာ ပြဿနာကိုဖြေရှင်းသည့်နည်းလမ်းကို ကာယကံရှင်မိသားစုဝင်များကိုယ်တိုင် လက်ခံလာကြောင်း အမျိုးသမီးနှင့် ကလေးသူငယ်များကို ကူညီထောက်ပံ့နေသည့်အဖွဲ့အစည်းများထံမှ သိရှိရသည်။

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တွင် လှုပ်ရှားနေသည့် “မိ” အဖွဲ့အစည်းအပါအဝင် အခြားသော လူထုအခြေပြုအဖွဲ့အစည်းများ၏ မှတ်တမ်းအရ ၂၀၂၃ ခုနှစ်တွင် မွန်နှင့် ကရင်ပြည်နယ်များ၌ သက်ငယ်မုဒိမ်းမှု (၁၀၀) ကျော် ဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါအမှုများအနက် အမှု (၄၀) ကသာ “မိ” အဖွဲ့အစည်းထံလာရောက်အကူအညီတောင်းခံခဲ့သည်။

“တစ်ချို့ဆို ကူညီပေးနိုင်တဲ့အဖွဲ့အစည်းတွေကို မတိုင်ကြားဘဲ ရဲစခန်းနဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွေမှာ ကာယကံရှင်ကိုယ်တိုင် တိတ်တဆိတ်နဲ့ ဖြေရှင်းလိုက်ကြတယ်။ အဲလိုအမှုတွေ အများကြီးပဲ” ဟု “မိ” အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မအောင်မြင်သည့်အာဏာသိမ်းမှုနောက်ပိုင်း မွန်နှင့် ကရင်ပြည်နယ်များတွင် သက်ငယ်မုဒိမ်းမှုများ ပိုမိုဖြစ်ပွားလာသော်လည်း ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားမှုများ မရှိသလောက်နည်းပါးလာသည်။ လုံခြုံရေးနှင့် အခြားသောတင်းကြပ်မှုများကြောင့် လူထုအခြေပြုအဖွဲ့အစည်းများကလည်း လိင်ပညာပေးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးရန် အခက်အခဲရှိလာသည်။



မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်။

“စစ်တပ်က အဖွဲ့အစည်းတွေကို မှတ်ပုံတင်ဖို့ အတင်းအကြပ်လုပ်နေတယ်။ နောက်ပြီး အဖွဲ့သားတွေရဲ့လုံခြုံရေးကိုပါ ခြိမ်းခြောက်လာနေတော့ သက်ငယ်မုဒိမ်းမှုတွေကို ယခင်ကလို ဖြစ်တဲ့နေရာအထိ သွားကူညီဖို့က မဖြစ်နိုင်ဘူး။ အခုနိုင်ငံရေးအခြေအနေနဲ့က အခက်အခဲတွေ အများကြီးရှိနေတယ်” ဟု အရပ်ဘက်အဖွဲ့အစည်းတစ်ခု၏ အဖွဲ့ဝင်တစ်ဦးက ပြောသည်။


နစ်နာသူများက သက်ငယ်မုဒိမ်းမှုကို သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်တိုင်ကြားသော်လည်း အာဏာပိုင်များက တရားဥပဒေလမ်းကြောင်းအတိုင်း ကိုင်တွယ်ဖြေရှင်းခြင်းမပြုဘဲ ကျူးလွန်သူများပေးသည့် ငွေကြေးကို လက်ခံရန်သာ နစ်နာသူမိသားစုဝင်များကို ဖိအားပေးနေသည်။

၂၀၂၃ ခုနှစ်အတွင်း မွန်နှင့် ကရင်ပြည်နယ်များ၌ ဖြစ်ပွားခဲ့သည့် သက်ငယ်မုဒိမ်းမှုများတွင် ကျူးလွန်ခံရသူများမှာ အသက် (၇) နှစ်နှင့် (၁၂) နှစ်ကြားရှိ ကလေးသူငယ်များဖြစ်သည်။

“အသက် (၇) နှစ်နဲ့ (၁၂) နှစ်အထိဆိုတော့ ကိုယ်ဝန်ရတဲ့အထိဖြစ်သွားတာမျိုးတော့ မရှိဘူးပေါ့။ (၁၃) နှစ်ဆိုရင် အသက်ငယ်ငယ်နဲ့ ကိုယ်ဝန်ဆောင်ရတာမျိုး ဖြစ်လာမယ်။ အဲလိုဖြစ်ပြီး မွေးလာတဲ့ကလေးကို မစောင့်ရှောက်ချင်ဘူးဆိုရင် မွေးစားမယ့်သူတွေကို ကျွန်မတို့က ကူညီပြီးရှာပေးရတယ်” ဟု “မိ” အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။


“မိ” အဖွဲ့အစည်းအနေဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်များကို တရားဥပဒေဆိုင်ရာအကူအညီများပေးအပ်ခြင်း၊ ပစ္စည်းနှင့်ငွေကြေးထောက်ပံ့ခြင်း၊ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးခြင်းတို့ကို လုပ်ဆောင်ပေးနေသော်လည်း စစ်ကောင်စီ၏ကန့်သတ်ခြိမ်းခြောက်မှုများကြောင့် အဆိုပါဝန်ဆောင်မှုများကို လွတ်လပ်စွာလုပ်ဆောင်ပေးနိုင်ရန် အခက်အခဲရှိလာသည်။

**“စစ်တပ်က အဖွဲ့အစည်းတွေကို မှတ်ပုံတင်ဖို့ အတင်းအကြပ်လုပ်နေတယ်။ နောက်ပြီး အဖွဲ့သားတွေရဲ့လုံခြုံရေးကိုပါ ခြိမ်းခြောက်လာနေတော့ သက်ငယ်မုဒိမ်းမှုတွေကို ယခင်ကလို ဖြစ်တဲ့နေရာအထိ သွားကူညီဖို့က မဖြစ်နိုင်ဘူး။ အခုနိုင်ငံရေးအခြေအနေနဲ့က အခက်အခဲတွေ အများကြီးရှိနေတယ်”**



# မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြေမြှုပ်မိုင်းပေါက်ကွဲမှု ၊ ဒဏ်ရာအနာတရ နှင့် ဖမ်းဆီးမှု အရေအတွက်

ဇန်နဝါရီလ မှ ဒီဇင်ဘာလအထိ ၂၀၂၃




ဒဏ်ရာအနာတရ ထိခိုက်သူ ဦးရေ စုစုပေါင်း = ၂၆ ဦး

ကလေးသူငယ် - ၁ ဦး

အမျိုးသမီး ( ၁၆ နှစ်အောက်) - ၁ ဦး

အမျိုးသားဦးရေ ( ၁၈-၆၀ နှစ်ကြား) - ၁၆ ဦး


အမျိုးသမီးဦးရေ(၁၈-၆၀ နှစ်ကြား) - ၆ ဦး

အမျိုးသားဦးရေ( ၆၀ အထက်) - ၂ ဦး

မွန်ပြည်နယ် - ၂၀ ဦး ကရင်ပြည်နယ် - ၂ ဦး တနင်္သာရီတိုင်းဒေသ- ၂ ဦး

# မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ (၁၂) လအတွင်း ဖမ်းဆီးမှု အရေအတွက်

မတရားချုပ်နှောင်မှု နှင့် ဖမ်းဆီးမှု - (၁၅၆၇) ဦး



# သံဖြူဇရပ်တွင် စစ်ကောင်စီက ဖမ်းဆီးမှုများ ဆက်လက်လုပ်ဆောင်နေ




**ဇန်နဝါရီ ၁၀၊ ၂၀၂၄**

၂၀၂၃ ဒီဇင်ဘာလမှစ၍ မွန်ပြည်နယ် သံဖြူဇရပ်မြို့မှ ဒေသခံပြည်သူအယောက် (၇၀) နီးပါးကို အကြမ်းဖက်ကိုကူညီထောက်ပံ့သည်ဟုဆိုကာ စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။

၂၀၂၄ ဇန်နဝါရီလတွင်လည်း ဖမ်းဆီးမှုများကို ဆက်လက်လုပ်ဆောင်နေသည့်အပြင် ညဘက်အချိန်တွင် ရာဘာခြံသို့အစေးခြစ်သွားသည့် ဒေသခံများကိုလည်း စစ်ဆေးမေးမြန်းမှုများ တင်းကြပ်လာသည်။

**"ညဘက်အစေးခြစ်သွားရင် ကြောက်ကြောက်နဲ့သွားရတယ်။ ဖုန်းစစ်တယ်။ မေးသမျှ ပြန်ဖြေရတယ်။ ဗမာစကားမပြောတတ်ရင် ဖုန်းသိမ်းခံရတယ်။ ညဘက်အစေးခြစ်တဲ့မိန်းကလေးတွေဆို ပိုပြီးတော့ အန္တရာယ်ရှိတယ်"** ဟု သံဖြူဇရပ်မြို့ခံတစ်ဦးက ပြောသည်။

လက်ရှိတွင် သံဖြူဇရပ်မြို့ပေါ်အပြင် အနီးအနားကျေးရွာများတွင်လည်း စစ်ကောင်စီက ဖမ်းဆီးမှုများ ဆက်တိုက်ပြုလုပ်လာသည်။

**"ဖမ်းဆီးမှုတွေ ဆက်လုပ်နေတယ်။ PDF ကို ထောက်ပံ့တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ပဲ ဖမ်းတယ်။ တစ်ချို့ကျတော့ ငွေပေးပြီး ပြန်လွတ်လာတာရှိတယ်"** ဟု ဒေသခံတစ်ဦးက ပြောသည်။

စစ်ကောင်စီက ဖမ်းဆီးထားသူများအနက် (၂) ဦးကို နှိပ်စက်သတ်ဖြတ်ခဲ့ပြီး အများစုကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် တရားစွဲဆိုခဲ့သည်။ ၎င်းပြင် ဖမ်းဆီးထားသူများ၏ နေအိမ်နှင့် စီးပွားရေးလုပ်ငန်း (၁၈) ခုကိုလည်း ချိပ်ပိတ်သိမ်းယူခဲ့သည်။

"ဖမ်းဆီးမှုတွေ ဆက်လုပ်နေတယ်။ PDF ကို ထောက်ပံ့တယ်ဆိုတဲ့စွပ်စွဲချက်နဲ့ပဲ ဖမ်းတယ်။ တစ်ချို့ကျတော့ ငွေပေးပြီး ပြန်လွတ်လာတာရှိတယ်"

# လောင်းလုံးမြို့နယ် ညောပြင်ရွာတွင် အိမ်ခြေ (၁၀၀) ကျော် မီးရှို့ခံရ



**ဇန်နဝါရီ ၁၁၊ ၂၀၂၄**

၂၀၂၄ ဇန်နဝါရီလ (၈) ရက်နေ့တွင် တနင်္သာရီတိုင်း လောင်းလုံးမြို့နယ် ညောပြင်ကျေးရွာကို စစ်ကောင်စီတပ်က စစ်ကြောင်းထိုးဝင်ရောက်ခဲ့ပြီး နေအိမ် (၁၀၀) ကျော်ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

စစ်ကောင်စီစစ်ကြောင်းသည် ဇန်နဝါရီလ (၇) ရက်နေ့တွင် ဖိုးဖိုးကျောက်ကမ်းခြေရှိ ခြံအလုပ်သမားများ၏နေအိမ် (၁၀) လုံးခန့်ကို မီးရှို့ဖျက်ဆီးခဲ့ပြီးနောက် ညောပြင်ကျေးရွာသို့ ထပ်မံဝင်ရောက်လာကာ ဒေသခံ (၁၀) ဦးကို ဖမ်းဆီးပြီး နေအိမ် (၁၀၀) ကျော်ကို မီးရှို့ဖျက်ဆီးခဲ့ခြင်း ဖြစ်သည်။

**“ညောပြင်ရွာအနောက်ပိုင်းက အိမ်တွေကို မီးရှို့ခဲ့တာ။ ဖမ်းသွားတဲ့ (၁၀) ယောက်မှာလည်း အမျိုးသမီးတွေပါတယ်။ ခုချိန်ထိ မိသားစုဝင်တွေနဲ့ အဆက်အသွယ်မရသေးဘူး”** ဟု ညောပြင်ရွာဒေသခံတစ်ဦးက ပြောသည်။

ပြီးခဲ့သည့် ၂၀၂၃ မတ်လတွင်လည်း ညောပြင်ကျေးရွာမှ နေအိမ်အလုံး (၆၀) ခန့်ကို စစ်တပ်က မီးရှို့ဖျက်ဆီးခဲ့ပြီး လက်ရှိတွင် ညောပြင်ရွာဒေသခံ (၁,၀၀၀) ကျော် အိုးအိမ်စွန့်ခွာထွက်ပြေးနေရသည်။

**“တောစပ်မှာ ကျွန်းတွေမှာ အဆင်ပြေသလို နေနေရတယ်။ စားဖို့ဆန်မရှိသလို ဝတ်ဖို့ အဝတ်အစားလည်း မရှိဘူး။ တော်တော်လေးကို အခက်အခဲဖြစ်နေတယ်”** ဟု စစ်ဘေးရှောင်အရေးကူညီပေးနေသူတစ်ဦးက ပြောသည်။

ယင်းစစ်ကြောင်းသည် ဇန်နဝါရီလ (၉) ရက်နေ့တွင် အောက်ကျောက်ဝပ်ကျေးရွာသို့ ထပ်မံစစ်ကြောင်းထိုးဝင်ရောက်ခဲ့ပြီး နေအိမ် (၄) လုံးကို ထပ်မံမီးရှို့ဖျက်ဆီးခဲ့သည်။

“ညောပြင်ရွာအနောက်ပိုင်းက အိမ်တွေကို မီးရှို့ခဲ့တာ။ ဖမ်းသွားတဲ့ (၁၀) ယောက်မှာလည်း အမျိုးသမီးတွေပါတယ်။ ခုချိန်ထိ မိသားစုဝင်တွေနဲ့ အဆက်အသွယ်မရသေးဘူး”

# ဆေးကုသမှုအလုံအလောက်မရရှိသဖြင့် နိုင်ငံရေး အကျဉ်းသားတစ်ဦး သေဆုံး



**ဇန်နဝါရီ ၁၆၊ ၂၀၂၄**

၂၀၂၄ ဇန်နဝါရီလ (၁၂) ရက်နေ့တွင် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျိုက်မရောဇဟိုအကျဉ်းထောင်မှ ထောင်ဒဏ်တစ်သက်ကျခံနေရသည့် နိုင်ငံရေးအကျဉ်းသားတစ်ဦးသည် ဆေးကုသမှုအလုံအလောက် မရရှိသဖြင့် သေဆုံးခဲ့ရကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ နိုင်ငံရေး အကျဉ်းသားများကွန်ရက် (Political Prisoner Network Myanmar – PPNM) က ထုတ်ပြန်သည်။

အသက် (၄၃) နှစ်အရွယ် နိုင်ငံရေးအကျဉ်းသား ကိုရာရှင် (ခေါ်) ဟာရှင်သည် စစ်ကြောရေးစခန်းတွင် ရိုက်နှက်နှိပ်စက်ခံခဲ့ရသဖြင့် အတွင်းကြေဒဏ်ရာရရှိခဲ့သည်။ ၂၀၂၃ နိုဝင်ဘာလတွင် ကျန်းမာရေး ဆိုးရွားလာသော်လည်း လုံလောက်သည့်ဆေးကုသမှု မရရှိခဲ့ချေ။

ရောဂါကပိုမိုဆိုးရွာလာသည့်အတွက် ၂၀၂၄ ဇန်နဝါရီလ (၁၁) ရက်နေ့တွင် မော်လမြိုင်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့သော်လည်း ဇန်နဝါရီလ (၁၂) ရက်နေ့တွင် သေဆုံးသွားခဲ့သည်။

**“စစ်ကြောရေးမှာ နှိပ်စက်ခံရတုန်းက ဝမ်းတွင်းကလီစာတွေ ပျက်စီးခဲ့တာရှိတယ်။ အခုလည်း အဲဒီဒဏ်ကြောင့်ပဲ ဆုံးသွားတယ်လို့ သိရတယ်။ စစ်ကောင်စီက အကျဉ်းသားတွေကို ဆေးကုသခွင့်မပေးဘဲ မသေသေအောင်လုပ်နေတာ”** ဟု PPNM မှ ပြောရေးဆိုခွင့်ရှိသူ ကိုသိုက်ထွန်းဦးက ပြောသည်။

ကိုရာရှင်သည် ကျိုက်မရောမြို့နယ် ဖားပျောက်ကျေးရွာအုပ်စု ကုလားတန်ကျေးရွာ၏ အုပ်ချုပ်ရေးမှူးဖြစ်ပြီး ၎င်းကို ကရင်အမျိုးသားအစည်းအရုံးက အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ ကိုရာရှင်ကို စစ်ကောင်စီက ၂၀၂၃ ဧပြီလတွင် ဖမ်းဆီးခဲ့ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် ထောင်ဒဏ်တစ်သက်ချမှတ်ခဲ့ခြင်း ဖြစ်သည်။

**“မိသားစုနဲ့လည်း တွေ့ခွင့်မပေးဘူး။ အတွင်းဒဏ်ရာတော်တော်ဆိုးမှ ထောင်ဆေးရုံမှာ တင်တာ။ အခြေအနေလုံးဝမကောင်းမှ မော်လမြိုင်ဆေးရုံပို့တာ။ သောကြာနေ့(ဇန်နဝါရီ ၁၂) ညနေမှာ ဆုံးတယ်။ စနေနေ့မှာ မော်လမြိုင်က မူစလင်သင်္ချိုင်းမှာ မြှုပ်နှံခဲ့တယ်။ စစ်တပ်က မိသားစု (၄) ယောက်ပဲ ဝင်ခွင့်ပေးတယ်”** ဟု နီးစပ်သူတစ်ဦးက ပြောသည်။

၂၀၂၃ ခုနှစ်တွင် ဆေးဝါးကုသမှုလုံလောက်စွာ မရရှိသဖြင့် နိုင်ငံရေး အကျဉ်းသား/သူ (၁၇) ဦး သေဆုံးခဲ့ကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးအကျဉ်းသားများကွန်ရက်၏ မှတ်တမ်းများအရ သိရှိရသည်။

မွန်ပြည်နယ်တွင် ဆေးကုခွင့်အလုံအလောက်မရသဖြင့် ကျိုက်မရောဇဟိုအကျဉ်းထောင်မှ နိုင်ငံရေးအကျဉ်းသား (၂) ဦးနှင့် သထုံအကျဉ်းထောင်မှ နိုင်ငံရေးအကျဉ်းသား (၁) ဦး စုစုပေါင်း (၃) ဦး သေဆုံးခဲ့ရသည်။

> “စစ်ကြောရေးမှာ နှိပ်စက်ခံရတုန်းက ဝမ်းတွင်းကလီစာတွေ ပျက်စီးခဲ့တာရှိတယ်။ အခုလည်း အဲဒီဒဏ်ကြောင့်ပဲ ဆုံးသွားတယ်လို့ သိရတယ်။ စစ်ကောင်စီက အကျဉ်းသားတွေကို ဆေးကုသခွင့်မပေးဘဲ မသေသေအောင်လုပ်နေတာ”

# စစ်ရေးလှုပ်ရှားမှုများ ဆက်လက်ရှိနေသဖြင့် ချောင်းနှစ်ခွဒေသခံများ နေရပ်မပြန်နိုင်သေး




**ဇန်နဝါရီ ၂၄၊ ၂၀၂၄**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ချောင်းနှစ်ခွဒေသတွင် လက်ရှိအချိန်၌ တိုက်ပွဲများဖြစ်ပွားခြင်း မရှိသော်လည်း စစ်ရေးလှုပ်ရှားမှုများ ဆက်လက်ရှိနေသည့်အပြင် လက်နက်ကိုင်တပ်ဖွဲ့များက ကျေးရွာများအတွင်း ဝင်ရောက်တပ်စွဲထားခြင်းကြောင့် စစ်ဘေးရှောင်ပြည်သူများ နေရပ်မပြန်နိုင်သေးကြောင်း သိရသည်။

ချောင်းနှစ်ခွဒေသရှိ ကျေးရွာများတွင် စစ်ကောင်စီတပ်သားအင်အား (၂၀၀) ကျော် စစ်ရေးလှုပ်ရှားနေပြီး တောင်ကလေးကျေးရွာအရှေ့ပိုင်းရှိ ရဲစခန်းတွင်လည်း ဝင်ရောက်တပ်စွဲထားကြောင်း ဒေသခံများက ပြောသည်။

**“ချောင်းနှစ်ခွဘက်ခြမ်းကတော့ ပြန်မရောက်သေးဘူး။ ရွာမှာ ပြည်သူ့ကာကွယ်ရေးတပ်ကော စစ်ကောင်စီတပ်ပါ ရှိနေလို့ စစ်ဘေးရှောင်တွေ မပြန်လာနိုင်သေးဘူး။ နီးစပ်ရာ ဘုန်းကြီးကျောင်းတွေမှာပဲ စစ်ရှောင်နေကြတယ်”** ဟု ကျိုက်မရောမြို့နယ်မှ ဒေသခံပြည်သူတစ်ဦးက ပြောသည်။

သို့သော် တောင်ကလေး၊ ကျွန်းရွာ၊ ကနာလိုစသည့်ကျေးရွာများမှ ဒေသခံပြည်သူအချို့ စတင်နေရပ်ပြန်နေကြသည်ဟုလည်း သိရသည်။

**“ရွာအရှေ့ပိုင်းကိုတော့ မသွားရဲဘူး။ အပြင်လည်း မထွက်ရဲဘူး။ ရွာအနောက်ပိုင်းမှာတော့ အခြေအနေနည်းနည်းကောင်းတယ်လို့ ပြောရမယ်။ ရွာမှာ သုံးပုံနှစ်ပုံလောက်တော့ ပြန်ရောက်နေပြီ”** ဟု တောင်ကလေးဒေသခံတစ်ဦးက ပြောသည်။

စစ်ရေးတင်းမာနေသည့် ချောင်းနှစ်ခွ၊ တောင်ကလေး၊ မယ်တရိ ကျေးရွာများရှိ စစ်ဘေးရှောင်များ၏နေအိမ်များကို ဖောက်ထွင်းခံနေရပြီး ကား၊ ဆိုင်ကယ်အပါအဝင် အဖိုးတန်ပစ္စည်းများ ခိုးယူခံနေရသည်။

**“တစ်ချို့အိမ်တွေဆို ဘာမှကိုမကျန်တော့တာ။ မယ်တရိမှာ အိမ်မှာထား,ထားတဲ့ဆိုင်ကယ် (၆) စီး ခိုးခံရတယ်။ ကားရှိတဲ့အိမ်ကို ကားပါယူသွားတာ။ ဆိုင်ကယ်တွေဆို အများကြီးပဲ ပျောက်တာ။ သူတို့က ရသမျှအကုန်ယူတာ။ အဝတ်အစားတွေလည်း ယူတာပဲ”** ဟု နေရပ်ပြန်လာသည့် စစ်ရှောင်တစ်ဦးက ပြောသည်။

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ချောင်းနှစ်ခွဒေသတွင် တိုက်ပွဲဖြစ်ပွားနေသည်မှာ (၂) လကျော်ကြာမြင့်လာပြီဖြစ်သဖြင့် စစ်ဘေးရှောင်များအပါအဝင် ဒေသခံပြည်သူများမှာ အခက်အခဲမျိုးစုံနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

“

“တစ်ချို့အိမ်တွေဆို ဘာမှကိုမကျန်တော့တာ။ မယ်တရိမှာ အိမ်မှာထား,ထားတဲ့ဆိုင်ကယ် (၆) စီး ခိုးခံရတယ်။ ကားရှိတဲ့အိမ်ကို ကားပါယူသွားတာ။ ဆိုင်ကယ်တွေဆို အများကြီးပဲ ပျောက်တာ။ သူတို့က ရသမျှအကုန်ယူတာ။ အဝတ်အစားတွေလည်း ယူတာပဲ”

# လူ့အခွင့်အရေးချိုးဖောက်မှုများကို လူမှုကွန်ရက်တွင် ဖြန့်ဝေခြင်းမပြုရန် စစ်ကောင်စီတပ်သားများက ခြိမ်းခြောက်



**ဇန်နဝါရီ ၁၅၊ ၂၀၂၄**

၂၀၂၄ နှစ်ဆန်းပိုင်းမှစ၍ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် မယ်တရိုကျေးရွာအနီးတဝိုက်တွင် စစ်ရေးတင်းမာနေပြီး ဒေသခံပြည်သူများ အိုးအိမ်စွန့်ခွာထွက်ပြေးနေရသည်။ စစ်ကောင်စီတပ်သားများက စစ်ရှောင်ပြည်သူများကို ဖမ်းဆီးနှိပ်စက်ခြင်း၊ ငွေကြေးအတင်းအဓမ္မကောက်ခံခြင်း၊ လွတ်လပ်စွာသွားလာခွင့်နှင့် ကုန်ပစ္စည်းသယ်ဆောင်ခွင့် ပိတ်ပင်ခြင်းများ ကျူးလွန်လာသည့်အပြင် စစ်ရှောင်ပြည်သူများ၏နေအိမ်များကို ဖောက်ထွင်းဝင်ရောက်ပြီး အဖိုးတန်ပစ္စည်းများကို လုယက်ယူဆောင်နေကြသည်။

ပြည်သူများအနေဖြင့် အဆိုပါချိုးဖောက်မှုများကို လူမှုကွန်ရက်တွင် တင်ပြမျှဝေခြင်းများ မပြုလုပ်ကြရန် စစ်ကောင်စီတပ်သားများက ခြိမ်းခြောက်ထားကြောင်း သိရသည်။

**"စစ်ရှောင်အိမ်တွေနဲ့ဘုန်းကြီးကျောင်းတွေက အဖိုးတန်ပစ္စည်းအမျိုးမျိုးကို ဗမာစစ်သားတွေ ယူသွားတာ မြင်နေရတာပဲ။ အဲအကြောင်းတွေကို သတင်းသမားတွေကို မပြောဖို့၊ လူမှုကွန်ရက်တွေမှာ မတင်ဖို့ စစ်တပ်က ရွာသားတွေကို ခြိမ်းခြောက်ထားပြီးသား။ အဲအကြောင်းတွေ လူမှုကွန်ရက်တွေမှာ သတင်းပျံ့သွားရင် ပစ်သတ်မယ်လို့ စစ်တပ်က ခြိမ်းခြောက်ထားတယ်။ အဲကြောင့် လူတွေရော သံဃာတွေပါ ဘယ်သူမှ မပြောရဲဘူး။ ခံထားရတာတော့ မနည်းမနောပဲ"** ဟု မယ်တရိုစစ်ရှောင်များကို ကူညီပေးနေသူတစ်ဦးက ပြောသည်။

စစ်တပ်၏ချိုးဖောက်မှုများ လူမှုကွန်ရက်တွင် ပျံ့နှံ့သွားပါကဖြန့်ဝေသူကို ဖမ်းဆီးအရေးယူမည့်အပြင် ဒဏ်ငွေများပါ ပေးဆောင်ရမည်ဖြစ်ကြောင်း စစ်တပ်က ခြိမ်းခြောက်သည်။

**"လူမှုကွန်ရက်တွေမှာ ရေးနေပြောနေတာတွေကို စစ်တပ်က တင်းတင်းကြပ်ကြပ် စောင့်ကြည့်နေတယ်။ အဲတော့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ဘယ်သူမှ မတင်ရဲကြဘူး။ ကိုယ်ခံရရင် ကိုယ့်ဘာသာခံပေတော့ပဲ။ စစ်တပ်က ခြိမ်းခြောက်ထားတော့ ဘယ်သူမှ အဖြစ်မှန်ကို မပြောရဲကြဘူး"** ဟု မော်လမြိုင်မြို့မှ လူငယ်ပညာပေးရေးလုပ်ဆောင်နေသူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့်လများအတွင်း လူမှုကွန်ရက်တွင် ကိုယ်ပိုင်အမြင်များဖြန့်ဝေမှု၊ မှတ်ချက်များရေးသားမှုဖြင့် မွန်ပြည်နယ်မှ ဒေသခံပြည်သူ (၅) ဦးထက်မနည်းကို စစ်ကောင်စီက ဖမ်းဆီးအရေးယူခဲ့သည်။ ၎င်းတို့ကို သက်ဆိုင်ရာဥပဒေပုဒ်မများဖြင့် အရေးယူမည့်အစား ပြစ်ဒဏ်ပိုမိုကြီးမားသည့် အကြမ်းဖက်ဥပဒေဖြင့်သာ အရေးယူခဲ့ကြောင်း သိရသည်။

# ကော့ကရိတ်တွင် နေအိမ်အလုံး (၅၀) ထက်မနည်း မီးရှို့ခံရ၊ စစ်ရှောင်များ နေရပ်ပြန်ရန် ပိုမိုခက်ခဲလာ



**ဇန်နဝါရီ ၂၃၊ ၂၀၂၄**

၂၀၂၄ ဇန်နဝါရီလ (၂၁) ရက်နေ့တွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ် (၅) ရပ်ကွက်ရှိ နေအိမ်အလုံး (၅၀) ထက်မနည်း ထပ်မံမီးရှို့ ဖျက်ဆီးခံလိုက်ရကြောင်း မြို့ခံများက မွန်လူထုအသံကို ပြောသည်။

ကော့ကရိတ်မြို့ပေါ်တွင် စစ်ကောင်စီတပ်နှင့် တော်လှန်ရေး အင်အားစုတို့ စစ်ရေးလှုပ်ရှားနေပြီး ဇန်နဝါရီ (၂၂) ရက်နေ့အထိ တိုက်ပွဲပြင်းထန်နေကြောင်း သိရသည်။

**"တစ်ပိုင်းလုံးနီးပါး မီးရှို့ခံလိုက်ရတယ်။ အကုန်လုံး ကုန်သွားတယ်။ သုံးလေးအိမ်လောက်ပဲ ကျန်တယ်။ မီးသတ်ကားလည်း မလာဘူးဆိုတော့ အခြေအနေပိုဆိုးသွားတယ်"** ဟု ကော့ကရိတ်မြို့ခံတစ်ဦးက ပြောသည်။

အမှတ် (၅) ရပ်ကွက်သည် မွတ်စလင်လူမျိုးများ အများဆုံး နေထိုင်ရာရပ်ကွက်ဖြစ်ပြီး မီးလောင်မှုသည် ရှို့မီးဖြစ်ကြောင်း ဒေသခံများက မှတ်ချက်ပြုပြောဆိုနေကြသော်လည်း မည်သည့် အဖွဲ့အစည်းက လုပ်ဆောင်ခဲ့သည်ကိုမူ အတိအကျမသိရချေ။

**"မီးရှို့ခံရတယ်လို့ သိရတယ်။ ပြန်စရာအိမ်လည်း မရှိတော့ဘူး။ ကျွန်မတို့အိမ်အပါအဝင် အိမ် (၅၀) လောက် မီးထဲပါသွားတယ်။ ပြောစရာစလုံးတောင် မရှိတော့ဘူး"** ဟု ကော့ကရိတ်စစ်ရှောင် တစ်ဦးက ပြောသည်။

ကော့ကရိတ်မြို့တွင် ၂၀၂၃ ဒီဇင်ဘာလ (၁) ရက်နေ့မှစ၍ ယနေ့အချိန်အထိ (၂) လနီးပါး တိုက်ပွဲပြင်းထန်နေပြီး လူဦးရေ (၄၀,၀၀၀) ကျော် စစ်ဘေးရှောင်နေရသကဲ့သို့ နေအိမ်အလုံး (၂၀၀) ထက်မနည်းလည်း မီးလောင်ပျက်စီးခဲ့သည်ဟု သိရသည်။

“

**"မီးရှို့ခံရတယ်လို့ သိရတယ်။ ပြန်စရာအိမ်လည်း မရှိတော့ဘူး။ ကျွန်မတို့အိမ်အပါအဝင် အိမ် (၅၀) လောက် မီးထဲပါသွားတယ်။ ပြောစရာစလုံးတောင် မရှိတော့ဘူး"**

# ရေးမြို့နယ် "ကြိုးတံတား" စခန်းသိမ်းတိုက်ပွဲတွင် ခရီးသွားပြည်သူအချို့ ထိခိုက်ဒဏ်ရာရ




**ဇန်နဝါရီ ၂၀၊ ၂၀၂၄**

၂၀၂၄ ဇန်နဝါရီလ (၂၀) ရက်နေ့ နံနက် (၇) နာရီတွင် မွန်ပြည်နယ် ရေးမြို့နယ် မော့ကနင်ကျေးရွာအနီးရှိ "ကြိုးတံတား" ရဲကင်းစခန်းတွင် တိုက်ပွဲဖြစ်ပွားခဲ့ပြီး ခရီးသွားပြည်သူအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အင်အား (၁၀၀) ခန့်ဖြင့် တပ်စွဲထားသည့် စစ်ကောင်စီရဲကင်းစခန်းကို တော်လှန်ရေးအင်အားစုပူးပေါင်းတပ်တို့က ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်း ဖြစ်ပြီး တိုက်ပွဲကြောင့် ရေး - သံဖြူဇရပ်ကားလမ်းပိုင်းတွင် မော်တော်ယာဉ်များနှင့် ခရီးသွားပြည်သူရာနှင့်ချီ ပိတ်မိနေခဲ့သည်။

မော့ကနင်အခြေစိုက် အမှတ် (၁၀၆) ခြေလျင်တပ်ရင်းနှင့် အမှတ် (၃၁၇) အမြောက်တပ်ရင်းတို့က လက်နက်ကြီးဖြင့်ပစ်ကူပေးခဲ့ရာ ကားလမ်းမပေါ်ပိတ်မိနေသည့် ခရီးသွားပြည်သူအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူအရေအတွက်အတိအကျကိုမူ မသိရှိရသေးချေ။

**"ကျွန်မတို့က မော်လမြိုင်တက်ဖို့ကို ကြိုးတံတားမှာ တိုက်ပွဲဖြစ်နေတော့ ဆက်သွားလို့မရဘူး။ လက်နက်ကြီး၊ လက်နက်ငယ်တွေနဲ့ ပစ်နေတော့ ကျွန်မတို့က ခွေးပြေးဝက်ပြေး ပြေးပုန်းကြရတယ်။ ကျွန်မတို့ကားနဲ့ (၄) စီးမြောက်ကားအနီး လက်နက်ကြီးကျလို့ ခရီးသွားပြည်သူတွေ ဒဏ်ရာနည်းနည်းရသွားတယ်။ လက်နက်ကြီးကျလို့ ဘုန်းကြီးကျောင်းလည်း မီးလောင်သွားတယ်"** ဟု ခရီးသွားပြည်သူတစ်ဦးက ပြောသည်။

ထိခိုက်ဒဏ်ရာရရှိသူများကို ရေးမြို့ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုပေးနေကြောင်း သိရသည်။

ပြီးခဲ့သည့် ဇန်နဝါရီလ (၁၇) ရက်နေ့တွင်လည်း ရေးမြို့နယ် မော့ကနင်လမ်းဝရှိ ငွေကြေးကောက်ခံသည့်စစ်ကောင်စီဂိတ်ကို တော်လှန်ရေးအင်အားစုများက မီးရှို့ဖျက်စီးခဲ့ရာ စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်တုံ့ပြန်ခဲ့သည်။

# ကျောင်းရွာတိုက်ပွဲကြောင့် ဒေသခံပြည်သူ (၂၀၀) နီးပါး ထွက်ပြေးတိမ်းရှောင်နေရ

**ဇန်နဝါရီ ၄၊ ၂၀၂၄**

၂၀၂၃ ဒီဇင်ဘာလ (၃၁) ရက်နေ့တွင် မွန်ပြည်နယ် ရေးမြို့နယ် ကျောင်းရွာကျေးရွာအခြေစိုက် စစ်ကောင်စီ၏ ခြေမြန်တပ်ရင်းနှင့် မွန်ပြည်နယ်တောင်ပိုင်း တော်လှန်ရေးအင်အားစုမဟာမိတ်အဖွဲ့များနှင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။



တိုက်ပွဲဖြစ်ပွားပြီးနောက် စစ်ကောင်စီတပ်က ကျောင်းရွာ၊ အိုင်ရှည်နှင့် ကမ်းနီကျေးရွာများကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သဖြင့် ဒေသခံပြည်သူ အယောက် (၂၀၀) နီးပါးသည် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေရသည်။

**“ညနေ (၆) နာရီလောက်မှာ ခမရ (၅၉၁) နဲ့ ခမရ (၅၈၃) တပ်တွေကို တော်လှန်ရေးပူးပေါင်းအဖွဲ့က လက်နက်ကြီးတွေ ဒရုန်းတွေနဲ့ တိုက်ခိုက်ခဲ့တယ်။ နောက်တစ်နေ့မနက်က စပြီး စစ်ကောင်စီက ရွာတွေဘက်ကလို လက်နက်ကြီးနဲ့ ပစ်တော့တာပဲ”** ဟု ကျောင်းရွာဒေသခံတစ်ဦးက ပြောသည်။

စစ်ကောင်စီ၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် နေအိမ် (၅) လုံး ထိခိုက်ပျက်စီးခဲ့ပြီး အိုင်ရှည်ကျေးရွာနေ အမျိုးသမီး (၁) ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ ၎င်းပြင် ကျေးရွာများတွင် မပေါက်ကွဲသေးသည့်လက်နက်ကြီးကျည်များ ကျန်ရှိနေကြောင်း ဒေသခံများက ပြောသည်။

“လက်နက်ကြီးနဲ့ အကြိမ်ရေ (၃၀) ထက်မနည်းကို ရမ်းသမ်းပစ်တာ။ စစ်တပ်နဲ့နီးနဲ့ ရွာအရှေ့ပိုင်းက ရပ်ကွက်တွေ အရှေ့ကျောင်းကို ရွှေ့ကုန်ကြပြီ။ ရွာထဲမှာ မပေါက်သေးတဲ့ လက်နက်ကြီးတွေ ရှိနေတယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

လက်ရှိတွင် ဒေသခံပြည်သူများသည် အနီးအနားရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ဆွေမျိုးနီးစပ်သူများ၏နေအိမ်များတွင် စစ်ရှောင်နေကြရသည်။

“ညနေ (၆) နာရီလောက်မှာ ခမရ (၅၉၁) နဲ့ ခမရ (၅၈၃) တပ်တွေကို တော်လှန်ရေးပူးပေါင်းအဖွဲ့က လက်နက်ကြီးတွေ ဒရုန်းတွေနဲ့ တိုက်ခိုက်ခဲ့တယ်။ နောက်တစ်နေ့မနက်က စပြီး စစ်ကောင်စီက ရွာတွေဘက်ကလို လက်နက်ကြီးနဲ့ ပစ်တော့တာပဲ”

# ကျိုက်ထိုပစ်ခတ်မှုအတွင်း အမျိုးသမီး (၁) ဦး သေဆုံး



**ဇန်နဝါရီ ၈၊ ၂၀၂၃**

၂၀၂၄ ဇန်နဝါရီလ (၄) ရက်နေ့တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မုပ္ပလင်ကျေးရွာရှိ ဈေး၌ ပစ်ခတ်မှုတစ်ခု ဖြစ်ပွားခဲ့ပြီး အရပ်သား အမျိုးသမီး (၁) ဦး ကျည်ထိမှန်သေဆုံးခဲ့ကြောင်း သိရသည်။

စစ်ကောင်စီနှင့်ရဲသတင်းပေးဟု လူသိများနေသည့် အသက် (၄၀) အရွယ် ညီညီလွင်ကို မုပ္ပလင်ဈေးရှိ ကွမ်းယာဆိုင်တွင် ကွမ်းယာဝယ်နေစဉ် ဆိုင်ကယ်စီးလာသည့်အမည်မသိသေနတ်သမား (၂) ဦးက သေနတ်ဖြင့်ပစ်ခတ်ခဲ့သည်။

ပစ်ခတ်မှုအတွင်း နေအိမ်ရှေ့တွင်ထမင်းစားနေသည့် အသက် (၃၈) နှစ်အရွယ် ဒေါ်နှင်းရည်ထွေးသည် ဝဲဘက်နားထင်တွင် ကျည်ထိမှန်ပြီး အခင်းဖြစ်ပွားရာနေရာတွင်ပင် ပွဲချင်းပြီးသေဆုံးခဲ့သည်။

**“သေနတ်သံကြားတော့ ဈေးတစ်ခုလုံး လန့်ဖြန့်ကုန်တာ။ သေနတ်သံ (၆) ချက်လောက် ကြားရတယ်။ ပြီးမှ ရဲသတင်းပေး အပစ်ခံရတာ သိတာ။ ဈေးအရှေ့က မနှင်းလည်း ဆုံးသွားတယ်။ သူက အိမ်ရှေ့မှာ ထမင်းထွက်စားနေရင်း ထိသွားတာ”** ဟု မုပ္ပလင်ဈေးအနီးတွင် နေထိုင်သူတစ်ဦးက ပြောသည်။

ပစ်ခတ်မှုဖြစ်ပွားပြီး (၁) နာရီအကြာတွင် စစ်ကောင်စီတပ်နှင့် ရဲတပ်ဖွဲ့ဝင်များက ရောက်ရှိလာပြီး ဈေးအတွင်းလှည့်လည်စစ်ဆေးမှု ပြုလုပ်သွားသည်။


**“အဲနေ့က ပစ်ခတ်တာပြီးတော့ ဈေးဆိုင်အတော်များများက ပိတ်သွားတယ်။ (၅) ရက်နေ့လောက်မှာမှ ဈေးဝယ်သူတွေရော ဈေးဆိုင်တွေရော ပုံမှန်ပြန်ဖွင့်တယ်”** ဟု မုပ္ပလင်ဈေးသည်တစ်ဦးက ပြောသည်။

ပြီးခဲ့သည့်ဒီဇင်ဘာလ (၃၀) ရက်နေ့ကလည်း ကျိုက်ထိုမြို့နယ် မရမ်းချောင်ကျေးရွာနေ အကောက်ခွန်ဦးစီးဌာနမှဝန်ထမ်းဖြစ်သူ ဦးသန်းလွင်တို့လင်မယား သေနတ်ဖြင့်ပစ်ခတ်ခံရပြီး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

“

“သေနတ်သံကြားတော့ ဈေးတစ်ခုလုံး လန့်ဖြန့်ကုန်တာ။ သေနတ်သံ (၆) ချက်လောက် ကြားရတယ်။ ပြီးမှ ရဲသတင်းပေး အပစ်ခံရတာ သိတာ။ ဈေးအရှေ့က မနှင်းလည်း ဆုံးသွားတယ်။ သူက အိမ်ရှေ့မှာ ထမင်းထွက်စားနေရင်း ထိသွားတာ”

# ရေးမြို့တွင် စစ်ကောင်စီက လုံခြုံရေးတင်းကြပ်၊ ပြည်သူများအကြား စိုးရိမ်မှုမြင့်တက်



**ဇန်နဝါရီ ၁၇၊ ၂၀၂၄**

၂၀၂၃ ဒီဇင်ဘာလ (၃၁) ရက်နေ့တွင် မွန်ပြည်နယ် ရေးမြို့နယ် အပါအဝင် ပြည်နယ်တစ်ခုလုံးတွင် စစ်ရေးအရှိန်မြှင့်တင်သွားမည် ဖြစ်ကြောင်း မွန်တော်လှန်ရေးအင်အားစု ပူးပေါင်းတပ်ဖွဲ့များက ထုတ်ပြန်ခဲ့သည်။

ထိုသို့ထုတ်ပြန်ပြီးနောက်ပိုင်း စစ်ကောင်စီတပ်က ရေးမြို့ အဝင်အထွက်နေရာများတွင် စစ်အင်အားတိုးချဲ့ပြီး လုံခြုံရေးတင်း ကြပ်လာကြောင်း ဒေသခံပြည်သူများက ပြောသည်။

**“ကျိုက်မရောနဲ့ သထုံဘက်မှာ တိုက်ပွဲဆက်တိုက်ဖြစ်နေတော့ ရေးမြို့ဘက်မှာ စစ်ဆေးတာ (၂) လနီးပါးလောက် လျော့နေ တယ်။ အခုတော့ မြို့ဝင်မြို့ထွက် အကုန်လုံးကို လုံခြုံရေးတိုးချဲ့ လာတာ တွေ့ရတယ်”** ဟု ဒေသခံတစ်ဦးက ပြောသည်။

၎င်းပြင် ၂၀၂၄ ဇန်နဝါရီလ (၁၀) ရက်နေ့တွင် စစ်ကောင်စီတပ်သား များ အလင်းဝင်ကြရန် တော်လှန်ရေးအင်အားစုများက မွန်ပြည်နယ် ရေးမြို့နယ် အစင်နှင့် ကျောင်းရွာကျေးရွာများနှင့် ရေးမြို့ ကမ်းနား ဈေးတွင် စာရွက်များ လိုက်လံကပ်ထားခြင်း၊ ဖြန့်ဝေခြင်းများ ပြုလုပ် ခဲ့သည်။

**“စစ်ဆေးတာ မလုပ်တာကြာပြီ။ သတိပေးစာလိုက်ဖြန့်ပြီးကတည်းက တံတားဖြူဘက်ခြမ်းနဲ့ ရေး-မော်လမြိုင်ကားလမ်းဘက်မှာ စစ်ဆေးရေး ပြန်တင်းကြပ်လာတယ်။ အမျိုးသားတွေကိုပဲ အဓိကစစ်ဆေးတာ”** ဟု ရေးမြို့ခံတစ်ဦးက ပြောသည်။

၂၀၂၄ ခုနှစ်တွင် စစ်ရေးအရှိန်မြှင့်မည်ဖြစ်သဖြင့် ပြည်သူများအနေ ဖြင့် မလိုအပ်ဘဲ ခရီးမသွားကြရန်၊ ရာသီပွဲတော်များ မကျင်းပကြရန် တော်လှန်ရေးအင်အားစုများက သတိပေးထားသည်။

**“အဲစာရွက်တွေကို စစ်သားတွေ ရဲတွေ အုပ်ချုပ်ရေးအဖွဲ့တွေက လိုက်သိမ်းနေတာ တွေ့တယ်။ ပစ်တာခတ်တာ ဖြစ်လာမှာကို အရမ်းကြောက်တယ်”** ဟု ရေးဒေသခံတစ်ဦးက ပြောသည်။

၂၀၂၃ ခုနှစ်တွင် မွန်ပြည်နယ်တောင်ပိုင်းအခြေစိုက် တော်လှန်ရေး အင်အားစုများနှင့် စစ်ကောင်စီတပ်ဖွဲ့တို့အကြား တိုက်ပွဲပေါင်း အကြိမ် (၅၀) ထက်မနည်း ဖြစ်ပွားခဲ့သည်ဟု သိရသည်။

# သထုံမှ တက်ကြွလှုပ်ရှားသူတစ်ဦး၏နေအိမ်ကို စစ်ကောင်စီက ချိပ်ပိတ်



**ဇန်နဝါရီ ၅၊ ၂၀၂၄**

၂၀၂၄ ဇန်နဝါရီလ (၃) ရက်နေ့တွင် မွန်ပြည်နယ် သထုံမြို့ ဘင်လှိုင်ရပ်ကွက်နေ ဒီမိုကရေစီအရေးတက်ကြွလှုပ်ရှားသူ အမျိုးသမီးတစ်ဦး၏နေအိမ်ကို စစ်ကောင်စီပူးပေါင်းတပ်ဖွဲ့က လာရောက်ချိပ်ပိတ်ခဲ့ကြောင်း သိရသည်။

အသက် (၄၀) အရွယ် မချောစုကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် (၂) ဦး၏ လူမှုကွန်ရက်စာမျက်နှာအောက်တွင် မှတ်ချက်များ ရေးသားမှုကြောင့် စစ်ကောင်စီက ဖမ်းဆီးရန် ကြိုးပမ်းခဲ့သည်။

**“မချောစု(မှတ်ချက်ရေးထားတာ)ကို စစ်တပ်လော်ဘီတွေက screenshot ရိုက်ပြီး ဖမ်းခိုင်းတာ။ သိသိချင်းပဲ ရှောင်သွားတယ်။ လူကိုမမိလို့ နေအိမ်ကို ချိပ်ပိတ်သွားတာ”** ဟု သထုံမြို့ခံတစ်ဦးက ပြောသည်။


မချောစုသည် သမီး (၂) ဦးနှင့်အတူ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး ၎င်း၏နေအိမ်နှင့်အလှပြင်ဆိုင်ကို စစ်ကောင်စီက ချိပ်ပိတ်ခဲ့သည်။ ၎င်းသည် စစ်အာဏာရှင်ဆန့်ကျင်ရေးဆန္ဒပြပွဲများတွင် ပါဝင်ခဲ့မှုကြောင့် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး ၂၀၂၁ ဒီဇင်ဘာလတွင် ခံဝန်ဖြင့် ပြန်လွတ်လာသူဖြစ်သည်။


၂၀၂၃ ဒီဇင်ဘာလ (၁၆) ရက်နေ့တွင်လည်း သထုံမြို့ သုဓမ္မဝတီ ရပ်ကွက်မှ လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဒေါ်စုစုထွေးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်တစ်ဦး၏ လူမှုကွန်ရက်တွင် မှတ်ချက်ရေးသားမှုကြောင့် စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။

“မချောစု(မှတ်ချက်ရေးထားတာ)ကို စစ်တပ်လော်ဘီတွေက screenshot ရိုက်ပြီး ဖမ်းခိုင်းတာ။ သိသိချင်းပဲ ရှောင်သွားတယ်။ လူကိုမမိလို့ နေအိမ်ကို ချိပ်ပိတ်သွားတာ”


# ၂၀၂၄ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ် ၊ ကရင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ(၁၂) လအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာမှတ်တမ်း


## စစ်ဘေးဒုက္ခသည် ၊ သတ်ဖြတ်မှု နှင့် ဒဏ်ရာအနာတရ ရရှိသူ အရေအတွက်









စစ်ဘေးဒုက္ခသည်= (၉၀၄၂၀) ဦး ၊ ဒဏ်ရာအနာတရ = (၁၆၇) ဦး ၊ သတ်ဖြတ်မှု = (၇၀) ဦး




စစ်ဘေးဒုက္ခသည်= (၁၇၅၉၀၀) ဦး ၊ ဒဏ်ရာအနာတရ = (၂၁၄) ဦး ၊ သတ်ဖြတ်မှု = (၈၅) ဦး




စစ်ဘေးဒုက္ခသည်= (၁၅၀၈၀၀) ဦး ၊ ဒဏ်ရာအနာတရ = (၂၇၆) ဦး ၊ သတ်ဖြတ်မှု = (၁၀၆) ဦး

# လုံလောက်သောဆေးကုသခွင့်မရသဖြင့် ကျိုက်မရော အကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသား (၁) ဦး ထပ်မံသေဆုံး

**ဇန်နဝါရီ ၁၇၊ ၂၀၂၄**

၂၀၂၄ ဇန်နဝါရီလ (၁၆) ရက်နေ့တွင် မွန်ပြည်နယ် ကျိုက်မရော မြို့နယ် ကျိုက်မရောဗဟိုအကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသား တစ်ဦးဖြစ်သူ CDM မီးသတ်ဝန်ထမ်းဟောင်းတစ်ဦးသည် ဆေးကု သမှုကောင်းမွန်စွာ မရရှိသဖြင့် သေဆုံးခဲ့ရကြောင်း မြန်မာနိုင်ငံလုံး ဆိုင်ရာ နိုင်ငံရေးအကျဉ်းသားများကွန်ရက် (Political Prisoner Network Myanmar – PPNM) က ထုတ်ပြန်ချက်အရ သိရှိရသည်။

ပြီးခဲ့သည့် ဇန်နဝါရီလ (၁၂) ရက်နေ့တွင်လည်း ကျိုက်မရောဗဟို အကျဉ်းထောင်မှ နိုင်ငံရေးအကျဉ်းသားဖြစ်သူ ကိုရာရှင်သည် လုံလောက်သည့်ဆေးကုသမှုမရရှိသဖြင့် သေဆုံးခဲ့ပြီး ကျိုက်မရော အကျဉ်းထောင်တွင် တစ်ပတ်အတွင်း နိုင်ငံရေးအကျဉ်းသား (၂) ဦး သည် ဆေးကုသမှုလုံလုံလောက်လောက် မရရှိသဖြင့် သေဆုံးခဲ့ရခြင်း ဖြစ်သည်။



ကိုပြည့်ဖြိုးအောင်သည် ၂၀၂၂ ဇန်နဝါရီလ (၃) ရက်နေ့တွင် ကရင်ပြည်နယ် ဘားအံမြို့နယ် သံလွင်တံတားစစ်ဆေးရေးဂိတ် တွင် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်ပြီး စစ်ကောင်စီက ၎င်းကို အကြမ်းဖက် ဥပဒေဖြင့် ထောင်ဒဏ် (၇) နှစ် ချမှတ်ခဲ့သည်။

အသက် (၃၁) နှစ်အရွယ် CDM မီးသတ်ဝန်ထမ်းဟောင်း ကိုပြည့်ဖြိုးအောင်သည် ဇန်နဝါရီလ (၁၅) ရက်နေ့တွင် လေထိုး လေအောင့်ရောဂါ ပြင်းထန်သဖြင့် ထောင်ဆေးရုံတွင် တက်ရောက် ကုသခဲ့သည်။ ထောင်ဆေးရုံအုပ်အနားယူနေသည်ဟုဆိုကာ တာဝန်ကျသွားဆရာဝန်က ဆေး (၁) လုံးထိုးပေးခဲ့သည်။ ဆေးထိုး ပြီးနောက် (၁) နာရီခန့်အကြာတွင် ပါးစပ်မှအမြှုပ်ထွက်ပြီး မေ့လဲ သွားခဲ့ကြောင်း PPNM ၏ထုတ်ပြန်ချက်အရ သိရှိရသည်။

ထို့နောက် ထောင်ဆေးရုံအုပ် ရောက်ရှိလာပြီး အသက်ကယ်ဆေး (၂) လုံး ထိုးပေးခဲ့သည်။ အောက်ဆီဂျင်ပေးကာ မော်လမြိုင်ပြည် သူ့ဆေးရုံသို့ ပို့ဆောင်စဉ် ဇန်နဝါရီလ (၁၆) ရက်နေ့ မနက် (၁) နာရီခန့်တွင် သေဆုံးသွားခဲ့သည်။


“လေထိုးလေအောင့်ဖြစ်တာ။ ဆေးထိုးပြီး (၁) နာအကြာမှာပဲ ပါးစပ်ကနေ အမြှုပ်တွေထွက်ပြီး လဲသွားတယ်လို့ သိရတယ်။ ဘာဆေးထိုးလိုက်တာလဲဆိုတာ ကျွန်တော်တို့ သေချာစုံစမ်းနေ တယ်။ ဒီဖြစ်စဉ်အတွက် (အမှန်တရား)ဖော်ထုတ်ပေးဖို့ ICRC ကို တောင်းဆိုချင်တယ်” ဟု PPNM က ပြောရေးဆိုခွင့်ရှိသူ ကိုသိုက် ထွန်းဦးက ပြောသည်။


မအောင်မြင်သည့်အာဏာသိမ်းမှုနောက်ပိုင်း မွန်ပြည်နယ်တွင် ဆေးကုသမှုလုံလောက်စွာ မရရှိသဖြင့် နိုင်ငံရေးအကျဉ်းသား (၄) ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

“

**“လေထိုးလေအောင့်ဖြစ်တာ။ ဆေးထိုးပြီး (၁) နာအကြာမှာပဲ ပါးစပ်ကနေ အမြှုပ်တွေထွက်ပြီး လဲသွားတယ်လို့ သိရတယ်။ ဘာဆေးထိုးလိုက်တာလဲဆိုတာ ကျွန်တော်တို့ သေချာစုံစမ်း နေတယ်။ ဒီဖြစ်စဉ်အတွက် (အမှန်တရား)ဖော်ထုတ်ပေးဖို့ ICRC ကို တောင်းဆိုချင်တယ်”**

# မွန်ပြည်နယ် လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက်





## Mon State Cases

0. Rule of law abandont - 1 Case
1. Kyaik Hto ---------- 6 Cases
2. Bilin ---------- 3 Cases
3. Tathon ---------- 4 Cases
4. Paung ---------- 1 Case
5. Kyaikmayaw -------7 Cases
6. Mudon ----------- 1 Case
6. Thanbyuzayat ------ 2 Cases
7. Ye ------------ 4 Cases
8. failed rule of law --- 1 Case

Total Cases ----------- 30 Cases

# ကရင်ပြည်နယ် လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက်

# ဇန်နဝါရီလ ၂၀၂၄





1. Fled and IDPs ------- 1 Case
2. Artillery Attack ------- 1 Case
3. Killed ------- 1 Case
4. Destory House and Injured - 1 Case
5. Burn Down House --------- 1 Case
6. Landmine Injured ---------- 1 Case

**Total Casese ------------ 6 Cases**

# တနင်္သာရီတိုင်းဒေသ လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက်

## ဇန်နဝါရီလ ၂၀၂၄







# Dawaei District & Long Lone Township

1. Arrested local civilians ----- 4 Cases
2. Burn down house ------ 3 Cases
3. Killed ------------------------- 1 case
4. Dead body ------------------ 1 case
5. Fled and IDPs --------------- 3 case
6. landmine Injured ------------ 1 case

**Total cases ---------------------- 14 case**

0 15 30 60 Miles

# ကော့ကရိတ်တွင် စစ်ရှောင်အမျိုးသား (၃)
# ပစ်ခတ်ခံရပြီး (၂) ဦး သေဆုံး



**ဇန်နဝါရီ ၁၁၊ ၂၀၂၄**

ရက်ပေါင်း (၄၀) ကြာ စစ်ရေးတင်းမာနေသည့် ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် ၂၀၂၄ ဇန်နဝါရီလ (၉) ရက်နေ့၌ စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်နှင့် ပြည်သူ့ကာကွယ်ရေးတပ် ပူးပေါင်းတပ်ဖွဲ့တို့ အကြား မြို့တွင်းတိုက်ပွဲ တကျော့ပြန်လည်ဖြစ်ပွားခဲ့သည်။

နေအိမ်သို့ အသုံးအဆောင်ပစ္စည်း ပြန်လာယူသည့် ကော့ကရိတ်မြို့ အမှတ် (၆) ရပ်ကွက်နေ စစ်ရှောင်အမျိုးသား (၃) ဦး ပစ်ခတ်ခံရပြီး (၂) ဦး သေဆုံးကာ (၁) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**"ဇန်နဝါရီ (၉) ရက်နေ့က စပြီး မြို့ထဲမှာ တိုက်ပွဲတွေ ပြန်ဖြစ်နေတာ။ လက်နက်ကြီး၊ လက်နက်ငယ်အစုံပါပဲ။ အိမ်စောင့်ကျန်ခဲ့တဲ့ အမျိုးသား (၁) ယောက်နဲ့ ပစ္စည်းပြန်လာယူတဲ့ စစ်ရှောင်အမျိုးသား (၂) ယောက် ကျည်ထိပြီး သေသွားတယ်။ စစ်ရှောင် (၂) ယောက်က စနိုက်ပါနဲ့ အပစ်ခံရတာလို့ ကြားတယ်။ သေချာတော့ မသိဘူး"** ဟု ကော့ကရိတ်ဒေသခံတစ်ဦးက ပြောသည်။

လက်ရှိဖြစ်ပွားနေသည့်တိုက်ပွဲအတွင်း စစ်ကောင်စီက လက်နက်ကြီးနှင့် ဒရုန်းအသုံးပြုတိုက်ခိုက်မှုကြောင့် ကော့ကရိတ်မြို့ရှိ နေအိမ် (၆) လုံးထက်မနည်း မီးလောင်ပျက်စီးခဲ့ကြောင်း ဒေသခံများက ပြောသည်။

**"အဒေါ်တို့အိမ်ပေါ်ကို လက်နက်ကြီးကျလို့ အိမ်မီးလောင်သွားတယ်လို့ သိရတယ်။ အခုတော့ ပြန်စရာအိမ်တောင် မရှိတော့ဘူးပေါ့။ ဒီမှာကလည်း စားဖို့သောက်ဖို့ ခက်ခဲသွားပြီ။ ဘာပြောရမှန်းတောင် မသိတော့ဘူး"** ကော့ကရိတ်စစ်ရှောင်ပြည်သူတစ်ဦးက ပြောသည်။

ဇန်နဝါရီလ (၁၀) ရက်နေ့တွင်လည်း ကော့ကရိတ်မြို့ အမှတ် (၆) ရပ်ကွက်တွင် လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် အိမ်စောင့်ကျန်ခဲ့ရသူ အမျိုးသား (၁) ဦးနှင့် နွား (၁) ကောင် သေဆုံးခဲ့သည်။

၂၀၂၃ ဒီဇင်ဘာလ (၁) ရက်နေ့တွင် စတင်ဖြစ်ပွားခဲ့သည့်တိုက်ပွဲကြောင့် ဒေသခံနေအိမ် အလုံး (၁၀၀) နီးပါး မီးလောင်ပျက်စီးခဲ့ပြီး နေအိမ်အများအပြားမှာ ဖောက်ထွင်းခံထားရကြောင်း သိရှိရသည်။



## မွန်ပြည်လူ့အခွင့်ရေးဖောင်ဒေးရှင်း

မွန်ပြည့်လူ့အခွင့်အရေး ဖောင်ဒေးရှင်းကို ၁၉၈၈ လှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ဒီမိုကရေစီစနစ်ကို အားပေးထောက်ခံသော ကျောင်းသားများ၊ တက်ကြွသော လှုပ်ရှားသူများ၊ မွန်လူထုခေါင်းဆောင်များနှင့် လူငယ်များ စုပေါင်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကေရစနစ် ထွန်းကားရေး၊ လူ့အခွင့်အရေး ရရှိရေးနှင့် စစ်မှန်သော ငြိမ်းချမ်းရေးပေါ်ပေါက်ရေးတို့ကို အဓိကရည်ရွယ်ချက်ဖြင့် ထားရှိကာ ထူထောင်ခဲ့ခြင်း ဖြစ်သည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး အဖွဲ့ဝင်များအားလုံးသည် တူညီသော ရည်မှန်းချက်ပန်းတိုင်ကို တူညီသော အတွေးအမြင်များဖြင့် ချီတက်နေကြသော စေတနာ့ ဝန်ထမ်းများဖြစ်သည်။ မွန်ဒေသနှင့် မြန်မာနိုင်ငံတောင်ပိုင်း ဒေသများမှ လူ့အခွင့်အရေး အခြေအနေများကို စောင့်ကြည့်လေ့လာခြင်းဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားလာစေရန် ဒေသဆိုင်ရာ တိုင်းရင်းသားလူ့အခွင့်အရေး အဖွဲ့တစ်ဖွဲ့ အနေဖြင့် ကျရာတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးများ ထုတ်ဝေခြင်းဖြင့် တွန်းအားပေးလျက်ရှိသည်။ မွန်လုထုအသံ ဟူသော စာစောင်ကို ပုံမှန်ထုတ်ဝေလျက်ရှိပြီး လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာများကိုလည်း အခါအားလျော်စွာ ထုတ်ဝေလျက်ရှိသည်။

ပန်းတိုင်

နိုင်ငံသားအားလုံး လူ့အခွင့်အရေးကို အပြည့်အဝ ရရှိခံစားနိုင်စေရန်။

ရည်ရွယ်ချက်

(၁) လူ့အခွင့်အရေးနှင့်ပတ်သက်သော သတင်းများ ပြည်သူလူထုအကြား ပိုမိုပျံ့နှံ့ သိရှိနိုင်စေရန်။
(၂) လူ့အခွင့်အရေးနှင့် ပတ်သက်၍ ပြည်သူလူထုကို ပညာပေးလှုံ့ ဆော်ရန်။
(၃) လူ့အခွင့်အရေးနှင့် ပတ်သက်သော လှုပ်ရှားမှုများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန်။

စာဖတ်သူများထံမှ ဝေဖန်အကြံပြုစာ တောင်းခံခြင်း ချစ်ခင်လေးစားရပါသော စာဖတ်သူများခင်ဗျား

မြန်မာနိုင်ငံ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ လူ့အခွင့်အရေးစာစောင်ကို ထုတ်ဝေလျက်ရှိသည်။ သတင်းအချက်အလက်နှင့်ပတ်သက်၍ အချိန်နောက်ကျခြင်းများ ဖြစ်ပေါ်ခဲ့ပါက ဤအချက်အလက်များ တိကျသေချာစေရန် အကြိမ်ကြိမ် အထပ်ထပ်စစ်ဆေးနေရခြင်းကြောင့် ဖြစ်ပါသဖြင့် စာဖတ်သူများမှ နားလည်ပေး စေလိုပါကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ အနူးအညွတ် တောင်းပန်အပ်ပါသည်။ ကျွန်ုပ်တို့ထံသို့ ဝေဖန်အကြံပြုစာ ပေးပို့လို၍ဖြစ်စေ ကျွန်ုပ်တို့၏ စာစောင်ကို ပေးပို့စေလို၍ဖြစ်စေ အောက်ပါလိပ်စာအတိုင်း ပေးပို့နိုင်ပါသည်။ စာစောင်ပေးပို့ စေလိုပါက ပေးပို့ စေလိုသော လူပုဂ္ဂိုလ်၏ နာမည်နှင့် လိပ်စာအပြည့်အစုံကို ပေးပို့စေလိုပါသည်။

ရိုသေလေးစားစွာဖြင့်
ဒါရိုက်တာ
မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်း

Rehmonnya.org
The official website of Human Rights Foundation of Monland
www.rehmonnya.org

Human Rights Foundation of Monland (Burma)
P. O. Box 2237
General Post Office
Bangkok 10501, THAILAND